# ဒံယေလ၏ သိတင်းခုနှစ်ဆယ်

## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၁ - ၀၈၀၆

1 ၁။ မင်္ဂလာနံနက်ခင်းပါ မိတ်ဆွေများ။ ယနေ့မနက်ဤဗိမာန်တော်သို့ ပြန်လည်၍ရောက်ရှိခွင့်ရသည့်အတွက် အလွန်ကောင်းသော အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါသည်။ ဒံယေလသိတင်း(၇၀) အကြောင်းကိုဆက်လက်၍ ဟောပြောမည်ဖြစ်ပါသည်။ ဤကဲ့သို့ပူပြင်းသောနေ့တစ်နေ့တွင် ကျွန်တော်တို့မှာနားနေခန်းမရှိသောကြောင့် ဖြစ်ပါသည်။ လူစုလူဝေးလျက်ရှိကြပြီး မတ်တပ်ရပ်နေကြရသည်မှာ မလွယ်ကူလှပါ။ သက်တောင့်သက်သာနှင့် ရှိသင့်သည့်အတိုင်းမရှိသဖြင့် သင်နားလည်နိုင်ရန်အတွက် ပြောပြရန်ခက်ခဲလှပါသည်။ သို့သော်လည်း လျှင်မြန်စေရန်အတွက် ကျွန်ုပ်တို့လုပ်နိုင်သမျှ အားလုံးလုပ်ထားပါမည်။

ယနေ့ကျွန်တော်မြော်လင့်ထားသည်မှာ ကျွန်တော်အားသင်တို့ခွင့်ပြုရန်ပင်ဖြစ်ပါသည်။ ဤသိတင်းစကားကိုသေချာစွာ သံမှိုနှင့်ရိုက်၍ ချမှတ်ထားရန် အချိန်ရောက်လာပြီး ဖြစ်ပါသည်။ ကျွန်တော်တို့က သေချာစွာအစီအစဉ်သုံးမျိုးဖြင့် ချမှတ်ထားခြင်း ဖြစ်၍ ကျွန်တော်တို့ကလည်း ထိုအရာကိုရရှိစေရန်သေချာရပါမည်။

2 ၂။ ပရိသတ်အနေနှင့် ဤသိတင်းစကားများကို တိတ်ဖြင့်ဖမ်းယူထားကြောင်းသိရမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးသို့ဖြန့်ဝေမည်။ လက်တွေ့အားဖြင့် နိုင်ငံတကာကလည်း ဤတိတ်ခွေများကို လက်ခံရယူကြသည်။ မည်သည့်နေရာမှာဘဲဖြစ်ဖြစ်ကိတ်ခွေ နားထောင်သူများကို ကျွန်တော်ပန်ကြားလိုသည့်အရာ တစ်ခုရှိပါသည်။ ကျွန်တော်သွန်သင်သည့်အရာများထဲတွင် သင်တို့ လက်မခံနိုင်သောအရာရှိကောင်းရှိပါလိမ့်မည်။ သင်မြင်သည့်အတိုင်းရှင်းပြလိုပါက ကျွန်တော်၏ယုံကြည်ချက်နှင့် ကွာခြားမှုရှိ ပေမည်။ သင်ပြောလိုသောအရာကို နားထောင်ရန်အတွက်လည်း ကျွန်တော်ဝမ်းမြောက်ဝမ်းသာ လက်ခံပါသည်။

3 ၃။ ဘုရားသခင်၏ နှုတ်ကပတ်တော်မှ ဤသိတင်းစကားများကို ကျွန်တော်ယူဆောင်ပေးရခြင်းမှာ ဤအတွေးအခေါ် အားဖြင့်ဖြစ်ပါသည်။ ကျွန်တော်၏ စိတ်နှလုံးထဲတွင် အသင်းတော်ကိုပညာပေးရန်၊ အသင်းတော်အားလုံးကို ပညာပေးရန်၊ စကြဝဠာတစ်ခုလုံးရှိအသင်းတော်ကို တည်ဆောက်ရန်အတွက် ဖြစ်ပါသည်။ ဤအရာကို ရှင်းပြရန်အတွက် ကျွန်တော်ကြိုးစား ရပါမည်။ တနည်းသို့မဟုတ် တနည်းအားဖြင့် တွန်းအားပေးခြင်း ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ကျွန်တော်မှာ အပြစ် မရှိပါ။

4 ၄။ ‘တိတ်ခွေများမှတစ်ဆင့် ကြိမ်ဖန်များစွာကျွန်တော်တို့ ကြားခဲ့ကြရပြီး ဤအချက်နှင့်ပတ်သက်၍ သဘောမတူပါ။ သူသာသွန်သင်နေသည်ကို သူမသိပါ။ သူသည် ကျမ်းစာနားလည်သူမဟုတ်ပါ။’ စသည်ဖြင့် ပြောကြပါသည်။ သူတို့အားလုံးမှန်ပါသည်။ မမှန်ပါဟု ကျွန်တော်မပြောလိုပါ။ သို့သော်လည်း ကျွန်တော်အတွက်မှာမူ ကျွန်တော်လေ့လာပါသည်။ အခြားသူများဘာပြော သည်ကို လေ့လာပြီးသူတို့ကို ချီးမွမ်းမိပါသည်။ ဘယ်သူကဘာပြောပြော ကျွန်တော်ဂုဏ်ပြုချီးမွမ်းမိပါသည်။ ၎င်းနောက် ဘုရားသခင်ထံဆုတောင်းပြီး ကမ္ဘာဦးကျမ်းမှဗျာဒိတ်ကျမ်းအထိ ကျွန်တော်ရှင်းပြနိုင်သည်အထိ ဆုတောင်းပါသည်။ သင်မှား ယွင်းနေကောင်းမှားယွင်းပေမည်။ မှန်ကန်လည်း မှန်ကန်နိုင်ပါသည်။ ကျွန်တော်ဘေးချော်နေသည့်အခါ ရှိကောင်းရှိပေမည်။

5 ၅။ ယနေ့မနက်ဤနေရာသို့ ရောက်နေကြသူများအားလုံးကို ကျွန်တော်ကျေးဇူးတင်ပါသည်။ ဤတိတ်ခွေများကို ကြားနာသူအားလုံးကိုလည်း ဂုဏ်ယူပါသည်။ ပြုလုပ်ပြီးသမျှအရာများအားလုံးမှာ ဘုရားသခင်၏နိုင်ငံတော်အတွက်ဖြစ်ပါသည်။ ကမ္ဘာတစ် ဝှမ်းလုံး ကျွန်တော်အတွက် မိတ်ဆွေကောင်းများစွာ ရှိပါသည်။ သူတို့ကို ကျွန်တော်များစွာဂုဏ်ယူပါသည်။ သူတို့နှင့်အတူ ထာဝရကာလကိုဝင်ရောက်ခွင့်ရမည်ဟုလည်း ယုံကြည်ပါသည်။ မည်သည့်နည်းနှင့်မဆို ဤသူများကိုလှည့်ဖျားရန် ကျွန်တော် ကြိုးစားမည်မဟုတ်ပါ။ သူတို့ကို ကူညီရန်အတွက်သာ ကျွန်တော်အဖက်ဖက်မှ ကြိုးစားမည်ဖြစ်ပါသည်။

(၂ရာ ၁း၁၀) ဆော်လမွန်မင်းကြီးုဆုတောင်းသည့်အခါ ခံစားရသကဲ့သို့ ကျွန်တော်ခံစားရပါသည်။ ဘုရားသားသမီးများကို ဦးဆောင်နိုင်လောက်အောင်ကိုယ်တော်ရှင်က သူ့ကိုအသိဉာဏ်ပေးပါသည်။ ထိုသို့ကျွန်တော်က လှိုက်လှဲစွာဆုတောင်းပါသည်။

6 ၆။ ဤအရာရှိ ကျွန်တော်၏အပေါင်းအသင်းများတွင် ဘရာသာမာစီယာ၊ ဘရာသာဂွိုင်ဘော်ဒါး(စ်)၊ဘရာသာနိဗီးလ်၊ ဘီလီပေါလ်(ကျွန်တော်၏သား)နှင့် ဂျီးန်၊ တယ်ဒီတို့ရှိကြပါသည်။ ကျွန်တော်တို့အားလုံးလာရောက်၍ ကူညီကြသည့်အတွက် ကျေးဇူးတင်ပါသည်။

ဤနေရာတွင် သိပ်မကြာသေးသောအချိန်ကာလက ဘရာသာလီယိုရူပါရုံမြင်ခဲ့ပါသည်။ ကျွန်တော်တို့ပထမဆုံးအကြိမ် ဆုံတွေ့ခဲ့ကြစဉ်သူသည်ကြီးမားလှသောသုံးမြှောင့်ပုံပစ်ရမစ်ကြီးကို လေထဲ၌တွေ့ရပါသည်။ ကျွန်တော်က တနေရာတွင်တရား ဟောလျက်ရှိပြီး သူကအပေါ်သို့တက်လာ၍ ကြည့်နေပါသည်။ ထိုတောင်ထိပ်ပေါ်သို့ရောက်လာသောအခါ သူကငွေခြည် အလင်းတန်းလေးတစ်ခု တွေ့ရကြောင်းပြောပြပါသည်။ ကျွန်တော်က ရပ်၍တရားဟောနေပါသည်။ သူက ကျွန်တော့်ကို ဆွဲဆောင်သကဲ့သို့ဖြစ်၍ ‘ခင်ဗျားမည်သို့ အပြင်သို့ထွက်မည်နည်း’ ဟုမေးသည်။

ကျွန်တော်က ‘လီယို မည်သူမှထွက်လာနိုင်မည်မဟုတ်ပါ။ ဘုရားသခင်က လူသားတစ်ဦးကို ဤနေရာသို့ခေါ်ဆောင် လာရပါမည်။ သင်သည် ဤအပေါ်သို့ တက်လာရန်မဟုတ်ပါ။ သင်သည်အောက်သို့ဆင်း၍ အောင်တွင်ရှိသောသူများကို သက်သေခံရန်မဟုတ်ပါ။ သင်တွေ့မြင်ပြီးသောအခါ ၎င်းအရာသည်သမ္မာတရားပင်ဖြစ်ပါသည်။’ လီယိုက အောက်ပြန်ဆင်းလာ ပြီး လူအများကိုသက်သေခံပါတော့သည်။

ဘရာသာလီယို ဤကဲ့သို့ဖြစ်သည်မှာ မည်မျှကြာပါမည်နည်း။ နှစ်ပေါင်းများစွာကြာပြီဖြစ်သည်။ မကြာပေဘူးလား။

နှစ်ပေါင်းများစွာကြာပါပြီ။ ထိုစဉ်ကည်းက ကျွန်တော်သိသည်အတိုင်း သူသည်ထိုအရာကိုပြုလုပ်ရန် သစ္စာရှိသူဖြစ်ပါသည်။ အမှုတော်မြတ်သည်ဘုရားထံမှလာကြောင်း သူတို့အားသက်သေခံပါသည်။ ကျွန်တော့်ထံမှ လာခြင်းမဟုတ်ပါ။ ကျွန်တော့် ထံမှဖြစ်ပါက လုံးဝမကောင်းပါ။ လူသားတစ်ဦးထံတွင် ကောင်းသောအရာတစ်ခုမှမရှိပါ။ ဘုရားထံမှ လာရမည်ဖြစ်ပါသည်။

7 ၇။ ကျွန်တော်လှည့်ပတ်၍ ကြည့်လိုက်သောအခါ...ယမန်နေ့နေ့လည် ကျွန်တော်၏မိတ်ဆွေနှင့် ကျွန်တော်လက်ဆွဲ နှုတ်ဆက်ပါသည်။ ကျွန်တော်မိတ်ဆွေမှာ ဘရာသာဝက်(ခ်)ဖြစ်ပါသည်။ယနေ့မနက်လည်း သူ့ကိုတွေ့ပါသည်။ မည်မျှကြာ ကားမောင်းလာရသည်ကိုလည်း သင်သိပါသည်။ အာလာဘားမားမှတောက်လျှောက်မောင်းခဲ့ရပြီး တနင်္ဂနွေနေ့အရောက် လာရခြင်း ဖြစ်ပါသည်။

ပြီးခဲ့သောတနင်္ဂနွေနေ့က ဘရာသာဝဲလ်အီးပန်းနှင့် မတွေ့ခဲ့ရပါ။ ယနေ့ဤနေရာတွင် သူရှိသည်ဟုကြားသိရပါသည်။ ဂျော်ဂျီယာပြည်နယ် Tiftonမှ ကားနှင့်လာကြသူများဖြစ်ပါသည်။ သူ၏အဖော်များဖြစ်ကြ၍ ကျန်နေရာတွင်ထိုင်နေပါသည်။ များပြားလှပါသည်။ ဂျော်ဂျီယာပြည်နယ်၊ မေတုန်မြို့မှဘရာသာပါလ်မာလည်းပါသည်။ မစ္စတာအန်ဂရင်းကိုလည်း တွေ့ရပါ သည်။ သူတို့သည် Menphs မြို့ Tennessee ပြည်နယ်မှလာကြပါသည်။ အခြားသောသူများလည်း အခြားသော ပြည်နယ်များမှ လာကြသည်။ ကယ်ရိုလိုင်းနားတောင်ပိုင်းမှ လာသောအမျိုးသမီးကိုလည်းလာ၍ တွေ့ဆုံနှုတ်ဆက်ကြပါ။

8 ၈။ ဤနေရာသို့ ရောက်လာသောသူများသည် ဤဝတ်ပြုစည်းဝေးကို တက်ရောက်ရန်အတွက် မိုင်ပေါင်းရာနှင့်ချီ၍ ဤနေရာသို့ရောက်လာရခြင်းဖြစ်ပါသည်။ (ချီကာဂိုမြို့မှစ၍ နေရာအမျိုးမျိုးမှလာကြခြင်းဖြစ်ပါသည်။) ဤနေရာသို့ရောက်လာ သောအခါ ထိုင်စရာနေရာမရှိဖြစ်သည်။ လေအေးပေးစက်တပ်ဆင်ထားသော အခန်းလည်းမရှိဖြစ်ရသည်။ ပူနွေးနေသော အဆောက်အဦးတွင် ချွေးတလုံးလုံးဖြင့်နေရသည်။ သတင်းစကားကြားနာရန်အတွက် ငွေကြေးအကုန်အကျခံပြီးရောက် လာကြရခြင်းဖြစ်ပါသည်။ တနေ့တွင် ဤအရာထက်ကောင်းသောနေရာသို့ သွားကြရမည်ဖြစ်ကြောင်း သူတို့ကိုပြောပြပါ။ သွားရမည့်နေရာရှိပါသည်။ သေချာပါသည်။ သစ္စာရှိခြင်းပင်ဖြစ်ပါသည်။ ထိုသူများမှာ ဆယ်ဘို့တစ်ဘို့ ပ◌းဆက်သူများ ဖြစ်ကြသည်။ သူတို့လာကြသည်သာမကဘဲ သူတို့၏ဆယ်ဘို့တစ်ဘို့နှင့် အလှူငွေများကို ယူဆောင်လာကြပါသည်။

ဘုရားသခင်၏အိမ်တော်ထဲသို့ ဆောင်ယူခဲ့ပြီးမှန်ကန်မှုပြုလုပ်ရန် ကြိုးစားကြပါသည်။ ဘုရားသခင်က သစ္စာရှိသော သူများကိုကြွယ်ဝစွာ ကောင်းချီးပေးပါသည်။ ဘုရားသခင်၏ ဂရုဏာတော်နှင့် ကျေးဇူးတော်ကသူတို့နှင့်အတူ ရှိပါစေသော်။

9 ၉။ ကျွန်တော်၏သူငယ်ချင်းဖြစ်သူ ချာချီကော့(စ်)နှင့်တကွတောင်ပိုင်းကင်တာကီရှိလူများကိုကျွန်တော်တွေ့ဆုံခွင့်ရပါသည်။

ဤနေရာတွင် ထိုင်နေသောလူငယ်၏အမည်ကို ကျွန်တော်မခေါ်နိုင်ပါ။ သူ့အားချီကာဂိုမြို့တွင် ဆုံတွေ့ခဲ့ဘူးပါသည်။ သို့သော်လည်းသင်သည် ဤရွာမှ ဝေးတနေရာတွင်ရှိသော ကျမ်းစာကျောင်းမှမဟုတ်ပါလား။ မစ်ဆိုရီရှိစပရင်းဖီးမှ Assembly of God ကျမ်းစာကျောင်းမှ မဟုတ်ပါလား။ ကောင်းပါသည်။ သူတို့သည်နေရာအနှံ့မှ ဤဘုရားကျောင်းအိုကလေးသို့ စုဝေးရောက်ရှိ လာကြခြင်းဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း (၃၀)ကျော်ခန့်ကကျွန်တော်ထိုမနက်ခင်းတွင်အုတ်မြစ်ချခဲ့သည်ကို ပြန်၍စဉ်းစားကြည့်ပါ။ ဤနေရာမှတစ်လမ်းကျော်တွင်ရှိသောသတ္တမမြောက်လမ်းပေါ်တွင် ကျွန်တော်မတ်တပ်ရပ်လျှက် ရှိပါသည်။ ကျွန်တော်အိမ်ထောင်ပင်မကျသေးပါ။ လူငယ်တစ်ဦးသာဖြစ်ပါသည်။ ကျွန်တော်က ရူပါရုံမြင်ပြီး လူများအထုပ်အပိုးပြင်ဆင်လျှက်ရှိပြီး နေရာ တိုင်းတွင် ကြတ်ပိတ်လျှက်ရှိကြောင်းတွေ့ရပါသည်။ ကျွန်တော်မှာ အလွန်ပျော်ရွှင်စွာ တရားဟောပလ္လင်နောက်တွင် ရပ်လျှက် ရှိပါသည်။

'ဤဗိမာန်တော်မှာ သင်၏ဗိမာန်တော်မဟုတ်ပါ' ဟု ကိုယ်တော်ရှင်က ကျွန်တော့်ကိုပြောပါသည်။ ကိုယ်တော်ရှင်က ကျွန်တော့်အားထိုင်စေခဲ့ပါသည်။ အုတ်မြစ်ချထားသည့်ကျောက်ပေါ်တွင် ရေးသားထားသောသမ္မာကျမ်းစာနှင့်ပတ်သက်သည့် အကြောင်းအရာများကို သင်တို့သိကြပါသည်။

10 ၁၀။ ခင်ဗျားတို့လာသည့်အတွက် ကျွန်တော်များစွာဂုဏ်ယူမိပါသည်။ကျွန်ုပ် မလုပ်နိုင်ပါ။ အဲဒါက ပြောဘို့အသေးအမွှား ကိစ္စဖြစ်ပါသည်။ 'ကောင်းပါပြီ။ ကျွန်ုပ်သည် သင့်အတွက် ဝမ်းသာမိပါသည်။

ကျွန်ုပ်သည် သင်တို့လိုလူမျိုးရတဲ့အတွက် အရမ်းကို ကျေးဇူးတင်မိပါသည်။

သင်တို့အတွက်လည်း ဆုတောင်းပေးပါသည်။ သင်တို့ကိုလည်း ယုံကြည်ပါသည်။ သင်တို့၏ ဘုရားသခင်နှင့်ပတ်သက်သည့်အတွေ့အကြုံကိုလည်း ကျွန်တော်ယုံကြည် ပါသည်။ကျွန်ုပ်သည် ယောကျ်◌ား (သို့) မိန်းမကိုမယုံပါ။ ' သူတို့သည်ရာပေါင်းလောက် မောင်းနိုင်ပါသည်။

မိုင်ရာပေါင်းများစွာ ကျော်ဖြတ်မောင်းနှင်၍ ဤနေရာသို့ရောက်လာခြင်းမှာ မိမိတို့၏ အဝတ်အစားများကို ပြသရန် မဟုတ်ကြောင်း ကျွန်တော်ယုံကြည်ပါသည်။ သူတို့ထိုသို့ပြုလုပ်လိမ့်မည်ဟု ကျွန်တော်မထင်ပါ။ လူမြင်ခံရစေရန်အတွက် နက်နက်နဲနဲယုံကြည်လက်ခံကြသောကြောင့်ပင် ဖြစ်ပါသည်။ ကျွန်တော်ဆုတောင်းချက်မှာ 'ဘုရားရှင် ကျွန်တော်ကိုကယ်တော် မူပါ။'

သူတို့ လာနေပါသည်။ သူတို့၏ကယ်တင်ခြင်းရဲ့ ဝိညာဉ် ကျွန်ုပ်ကို သူတို့၏ သာသနာပြုအဖြစ် သူတို့၏နှလုံးသားများကို အပိုင်သိမ်းဖို့ပါ။ ပြီးတော့ ဘုရားသခင်ဆီကိုဘဲ ကြည့်ဖို့ပါ။

11 ၁၁။ ယနေ့မနက် သင်တွေ့ရသောသတင်းစကားမှာ ကျောက်သင်ပုန်းပေါ်တွင် ဆွဲထားသည့်အတိုင်း ဖြစ်ပါသည်။

ကျွန်တော်ပြောလိုသောအရာ သင်တို့နားလည်ရန် သာမာန်အားဖြင့် ရှင်းပြရန်သာဖြစ်ပါသည်။

ဒံယေလသီတင်း(၇၀) ၏အကြောင်းအရာမှာ ကြီးကြီးမားမားလေ့လာရမည့် အကြောင်းအရာပင် ဖြစ်ပါသည်။ နှစ်ရက်နှင့် နှစ်ည နေခဲ့ရပါသည်။ သမ္မာတရားအတွက်စကားလုံးရှာရန် ကျွန်တော်ကြိုးစားခဲ့ပါသည်။ သမ္မာကျမ်းစာတွင် ကျန်သော အရာများဖြင့် နှိုင်းယှဉ်ရမည်ဖြစ်ပါသည်။ ကျမ်းချက်ကလေးတစ်ချက်ကိုသာယူပြီး ဘာဆိုလိုသည်ဟု သင်ပြော၍မရပါ။ တချိန်လုံးတခုတည်းကိုသာ ပြောရပါမည်။ သင်မဟုတ်ပါက ဘာကြောင့်မှားရပါသနည်း။ ထို့ကြောင့် ကျွန်တော်တို့က သင်ကြား ပို့ချရန် ကြိုးစားခြင်းဖြစ်ပါသည်။

12 ၁၂။ တိပ်ခွေပေါ်မှ ကျွန်တော်အကြီးမားဆုံး ဝေဖန်ခံရခြင်းမှာ ကမ္ဘာအရပ်ရပ်တွင် ဘုရားကျေးဇူးတော်ကို ယုံကြည်ကြခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်ပြုလုပ်သောလမ်းစဉ်ကို သွန်သင်ပါသည်။ ကမ္ဘာဦးမစမီကပင် ကျွန်တော်တို့မှာကြိုတင်စီမံခန့်ခွဲခြင်း ခံရပါသည်။

ပင်တေကုတ္တေညီအစ်ကိုများ ခင်ဗျားတို့၏ရှုထောင့်များမှာ တရားဝင်ဖြစ်ပါသည်။ သင်တို့ရှုထောင့်များမှာ အနည်းငယ် ဒေါသ ထွက်စရာ ဖြစ်ပါသည်။ ဘုရားသခင်၏ရှေ့တော်တွင် သင်၏သမ္မာကျမ်းစာကိုယူ၍ ဒူးထောက်ဆုတောင်းပြီး ဘုရားသခင်ကို သင့်အားအကျိုးအကြောင်း ရှင်းပြစေပါ။ ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိဆက်စပ်၍ Legallatic အချက်ကို ဆက်စပ်လိုပါ သလား။

13 ၁၃။ မြွေ၏မျိုးစေ့မှာ လူသတ်သမားပင်ဖြစ်ပါသည်။ လူများစွာတို့က ထိုအရာကို မယုံကြည်ကြပါ။ ကမ္ဘာဦးကျမ်းကို ဖတ်ကြည့်ပါက သမ္မာကျမ်းစာကမြွေတွင်မျိုးစေ့ရှိသည်ဟု ဆိုထားပါသည်။ ထို့ကြောင့် ‘ကိုယ်တော်က မြွေ၏မျိုးစေ့နှင့် မိန်းမ၏ မျိုးစေ့ကြားတွင် ရန်ပွားစေရန်ပြုလုပ်မည်’ ဟုဆိုထားပါသည်။ ထို့ကြောင့်မြွေတွင် မျိုးစေ့ရှိပါသည်။ မြွေ၏မျိုးစေ့မှာ ဝိညာဉ် မျိုးစေ့ဖြစ်ပါက သခင်ယေရှုမှာလူသားမဟုတ်တော့ပါ။ ထို့ကြောင့် မိန်းမ၏ မျိုးစေ့မှာ ဝိညာဉ်မျိုးစေ့ဖြစ်ပါသည်။ သူတို့နှစ်ဦးစလုံးမှ မျိုးစေ့များရှိလျှက် ရန်ပွားခြင်းလည်း ရှိနေဆဲဖြစ်ပါသည်။ မြွေတွင်မျိုးစေ့ရှိပါသည်။ သင်သည်သင်၏ကျမ်းစာအုပ်ကို ယူ၍ ဒူးထောက်လျှက် ဘုရားသခင်ရှေ့တွင်အမှန်တစ်ကယ်ပင်နှိမ့်ချခြင်းရှိပါက ဘုရားသခင်ကသင့်အားဖော်ပြလိမ့်မည်ကို ကျွန်တော် ယုံကြည်ပါသည်။

သင်နားလည်မှုမရှိပါက ကျွန်တော်သည်အချိန်မရွေးသင့်ကို အကောင်းဆုံးကူညီရန် အဆင်သင့်ရှိပါသည်။ စာအားဖြင့် သော်၎င်း၊ ကိုယ်တိုင်တွေ့ဆုံဆွေးနွေးခြင်းအားဖြင့်သော်၎င်း၊ သင့်အားကူညီရန် ဘာဘဲဖြစ်ဖြစ်ပြုလုပ်နိုင်ပါသည်။ ထိုသူကို ကယ်တင် ခြင်းပေးနိုင်ကြောင်း ကျွန်တော်တို့သိပါသည်။ ထိုသူကိုအပြစ်စီရင်ခြင်းလည်း မပြုလုပ်နိုင်ပါ။ လူများတွေ့မြင် လာစေရန်အတွက် ကျွန်တော်တို့အားလုံးက ကြိုးစားနေခြင်းသာဖြစ်ပါသည်။ အလင်းတရားကို မြင်လာစေရန်သာဖြစ်ပါသည်။

မြင်တွေ့ရသောပရိသတ်များအားလုံးအတွက် ဤသို့ပြောဆိုရခြင်းမှာ ဤတိတ်ခွေများသည် နေရာအနှံ့ပျံ့နှံ့သွားရောက် သောကြောင့် ဖြစ်ပါသည်။

14 ၁၄။ နှုတ်ကပတ်တော်မြတ်၏ အရှင်သခင်အားခေါင်းငုံ့ဆုတောင်းခြင်းဖြင့် ချဉ်းကပ်ကြပါစို့။ ယနေ့မနက်ပရိသတ်များထဲမှ မည်သူတို့အကူအညီလိုအပ်လျှက် ရှိပါသနည်း။ ‘ကိုယ်တော်ရှင်ကျွန်တော်ကို ဂရုဏာသက်တော်မူပါ။’ ဟုသာဆိုပါ။ ကိုယ် တော်ရှင် ကောင်းချီးပေးတော်မူပါ။ တိတ်ခွေကိုနားထောင်သူတို့မှာ ကြားနာရသောအခါ ဘုရားသခင်ကသင်တို့၏ တောင်း ဆိုမှုများကို ချပေးကြပါစေ။

15 ၁၅။ ကောင်းကင်ဘုံရှင်အဖ၊ ကျွန်တော်တို့မှာ ကျေးဇူးတင်လျှက်ရှိသောပုဂ္ဂိုလ်များဖြစ်ကြပါသည်။ သို့တိုင်အောင်တန်းဘိုး မရှိသော သူများဖြစ်ကြပါသည်။ သို့သော်လည်း ကျွန်တော်တို့မှာ ယနေ့မနက်ကိုယ်တော်ရှင်၏ ကျေးဇူးတော်ပလ္လင်ကို ချဉ်းကပ် လျှက်ရှိကြပါသည်။ အကြောင်းမှာ ကျွန်တော်တို့လာရန်အတွက်ခေါ်ယူခြင်း ခံရသောကြောင့်ဖြစ်ပါသည်။ သခင်ယေရှုက ‘ငါ၏ နာမ၌ သင်ဆုတောင်းချင်သမျှကို တောင်းပါကငါပြုမည်။’ ဟုဆိုထားပါသည်။ ထိုအရာမှာ သမ္မာတရားဖြစ်ကြောင်း ကျွန်ုပ်တို့ သိရပါသည်။

ဤပရိသတ်များထဲတွင်သော်၎င်း၊ တိတ်ခွေများဖြန့်ဖြူးမည့် နေရာတိုင်းတွင်သော်၎င်း ဤအကြောင်းအရာကို ဒုတိယ မွေးခြင်းခံပြီးသူ ခရစ်ယာန်ထောင်ပေါင်းများစွာတို့က ကြားနာကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ဒုတိယမွေးခြင်းခံရပြီးနောက် ကျွန်တော်တို့၏ဝိညာဉ်မှာလည်း အထက်အရပ်မှဖွားမြင်ခြင်းခံရပါမည်။ ၎င်းအရာသည် ဘုရားသခင်၏ ဝိညာဉ်ဖြစ်၍ သန့်ရှင်း သောဝိညာဉ်တော်သည်ကျွန်ုပ်တို့အပေါ် သက်ရောက်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် တန်ခိုးရှိတော်မူကြောင်း ကျွန်တော်တို့သိခွင့်ရ၍ ကျွန်တော်တို့အတွက်ဘာဘဲဖြစ်ဖြစ်လုပ်နိုင်ပြီး ကျွန်တော်တို့အလိုရှိသော အရာကိုလုပ်ကိုင်နိုင်ပါသည်။ ကောင်းကင်ဘုံရှင်အဖ၊ ကျွန်တော်တို့၏ယုံကြည်ခြင်းကိုလွှတ်၍ ထိုဝိညာဉ်အပေါ် သက်ရောက်စေပြီးယနေ့မနက် ကျွန်တော်တို့ အတွက်၊ ဘုရားသခင်၏နိုင်ငံတော်အတွက်၊ ဆုတောင်းသမျှကိုနားညောင်းတော်မူ၍ အနာရောဂါငြိမ်းစေခြင်း အခက်အခဲများ အားလုံးပြေလည်စေခြင်းများဖြစ်စေပါ။ ဘုရားသခင်ကိုလည်း ကျွန်တော်တို့အထဲ၌ရှိသမျှနှင့် ပြန်လည်၍ အစေခံနိုင်စေရန် မစတော်မူပါ။

16 ၁၆။ ယနေ့ကျွန်တော်တို့ နားလည်လာနိုင်စေရန် ကျွန်တော်တို့၏နားကိုဖွင့်တော်မူပါ။ ဤမေးခွန်းကြီးကိုမေးမြန်းရန် ကျွန် တော်ကြိုးစားသောအခါ လူတို့၏စိတ်နှလုံးကို ရှင်းလင်းစေပါ။ ကိုယ်တော်ရှင် ကျွန်တော်သည်စာရွက်ပေါ်တွင်ရေးသားခြင်း၊ ကျောက်သင်ပုန်းပေါ်တွင်ရေးသားခြင်းများ ပြုလုပ်ပြီးဤကားချပ်ပေါ်တွင်လည်း ရေးသားထားပါသည်။ သို့သော်လည်း လုံးဝ ရှင်းပြရန်အတွက် မလုံမလောက်ဖြစ်ရပါသည်။ ယခုအခါတွင် ကျွန်ုပ်တို့ကကိုယ်တော်ရှင်အား ဆုတောင်းလျှောက် နှုတ်ကပတ် တော်ကို ရေးသားသောကိုယ်တော်ရှင်အား တောင်းလျှောက်ပါသည်။ ပရောဖက်ဒံယေလအားဖွင့်ပြသကဲ့သို့ (နောက်ဆုံးသော အချိန်တွင်သာ ဖွင့်ပြမည်ဟုဆိုထားပါသည်။) ယခုနောက်ဆုံးအချိန်တွင် ကျွန်တော်တို့အားဖွင့်ပြတော်မူပါမည့်အကြောင်း ကိုယ် တော်ရှင်အားတောင်းလျှောက်ပါသည်။ ကျွန်တော်တို့၏ စိတ်နှလုံးထဲတွင် နှုတ်ကပတ်တော်သည်စွဲမြဲလျှက် ကျွန်တော်တို့၏ အသက်တာများထဲတွင် ဖြောင့်မတ်ခြင်းအပင်များပေါ်ထွက်လာစေရန် ပြုလုပ်တော်မူပါ။ ဘုရားသခင်ကို ယုံကြည်ခြင်း ပိုမိုခိုင်မာစေ၍ နှိမ့်ချစွာကိုယ်တော်အားစောင့်စားပြီး ကိုယ်တော်ရှင်ကို မိမိတို့၏အသက်တာကိုပြန်လည်၍ ဆက်ကပ်ပါသည်။ သခင်ယေရှု၏နာမတော်၌

ဆုတောင်းပါသည်။ အာမင်။

17 ၁၇။ ယနေ့မနက် ကျွန်တော်တို့ကိုယ်တော်ရှင်ကို ကျေးဇူးတင်ပါသည်။ ဘုရားသခင်၏ ထာဝရနှုတ်ကပတ်တော်က်ို ဖွင့်ပြ သောကြောင့် ကျေးဇူးတင်ပါသည်။

ဗျာဒိတ်ကျမ်းကို ကျွန်တော်တို့ဆက်လက်၍ လေ့လာကြပါမည်။ အသင်းတော်(၇)ပါးအကြောင်းကို လေ့လာကြပြီး ဖြစ်ပါသည်။ ဗျာဒိတ်ကျမ်းအခန်းကြီး(၃)ကို လေ့လာပြီးနောက် နောက်ဆုံးပိုင်းတွင်အသင်းတော်မှာ ဘုန်းတော်ဝင်စားရန်အတွက် မြေကြီးပေါ်မှချီဆောင်ခြင်းခံရပါသည်။ ကျွန်တော်၏စိတ်နှလုံးအကြွင်းမဲ့ဖြင့်လူများနားလည်စေရန် ကျွန်တော်လုပ်ဆောင်ပါမည်။ ဗျာဒိတ်ကျမ်းတွင် ရေးသားထားသည့်အကြောင်းအရာမှာ အမှန်တစ်ကယ်ဖြစ်ပေါ်လာမည်ဟု သူတို့မြော်လင့်နေကြခြင်းကြောင့် ပင်ဖြစ်ပါသည်။ အသင်းတော်ကာလတွင် လက်တွေ့အသုံးမချပါက ကျွန်တော်တို့မှာ နောက်ဆုံးသောကာလနှင့်ပိုမို၍ နီးကပ် လာပြီဖြစ်ပါသည်။

18 ၁၈။ လွန်ခဲ့သောနှစ်ညသုံးညခန့်က ညဖက်တွင်ကျွန်တော်၏ချွေးမက Andy Herman သည်ဆေးရုံတွင် သေလုမျောပါး ဖြစ်နေကြောင်း ကျွန်တော်ကိုပြောပါသည်။ ကျွန်တော်သူ့ကိုသွား၍ ကြည့်ခဲ့ပါသည်။ သူသည်ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သူဖြစ်သည်။ သူ့အားအိပ်ဆေးအလွန်အကျွံတိုက်ထားသဖြင့် သူအိပ်ပျော်နေသည်။ စကားပြောမရတော့ပါ။ နောက် တစ်နေ့မနက်အထိ သူအသက်ရှင်စေရန် ကျွန်တော်ဆုတောင်းပါသည်။ သူသည်လူကောင်းတစ်ဦးဖြစ်သော်လည်း ခရစ်ယာန် တစ်ဦးမဟုတ်ပါ။

သူ၏ဇနီးဖြစ်သူက ထိုအနားတွင်ရပ်နေပြီး ‘ဘီလီ ဤနှစ်ပေါင်း(၂၀)အတွင်းသူသည်ဘုရားကို အစေမခံခဲ့ပါ။’ ဟုဆိုသည်။ သူသည်အသက်(၂၀)ရှိပြီးဖြစ်သည် သူအလုပ်ကြမ်းကိုလည်းမလုပ်ပါ။ လွန်ခဲ့သောရက်သတ္တပတ် အနည်းငယ်ခန့်က သူသည် အိမ်ထဲတွင် ထိုင်နေသည်။ ခရစ်တော်က တစ်စုံတစ်ခုကိုပြောသည်။

‘သင်ထင်သည်ထက်ပို၍ နောက်ကျသွားပါပြီ’ ဟူ၍ဖြစ်သည်။

19 ၁၉။ ရက်သတ္တပတ်အနည်းငယ်အတွင်း နှစ်ပတ်သို့မဟုတ် သုံးပတ်ခန့်အကွာတွင် သူသည်လေဖြတ်၍ ဆေးရုံပေါ်တွင် သေလုမြောပါးဖြစ်နေပါသည်။ ကျွန်တော်က ‘ကျွန်တော်အားခေါ်ဆိုခြင်းမရှိသောကြောင်းငှင်း၊ အခြားသူတစ်ဦးကိုခေါ်ခြင်းမရှိ သောကြောင့်သော်ငှင်း၊ အခြားသူတစ်ဦးကိုခေါ်ခြင်းမရှိသောကြောင့်သော်ငှင်း၊ ရှက်ဖွယ်ရာဖြစ်ပါသည်။ သူ၏နှလုံးကိုအခြေ အနေမှန်ပြန်လည်ရောက်နေရန်အတွက် စောစောစီးစီးအသိပေးရန်ကောင်းပါသည်။ ’

လူနာမှာစကားပြောနိုင်သဖြင့် ကျွန်တော်ကသာသူ့ကိုမေးမြန်းရပါသည်။ ကျွန်တော်က ‘ခင်ဗျားကျွန်တော်ပြောသံကို ကြားရပါသ လား။’ သူကခေါင်းကလေးအနည်းငယ်ညိတ်ပြ၍ ပါးစပ်နည်းနည်းလှုပ်နိုင်ပါသည်။ ကျွန်တော်သူ့အတွက်ဆုတောင်း ပေးပါသည်။ ဘုရားရှေ့တွင် သူ့အပြစ်များကိုဝန်ချတောင်းပန်ပါသည်။ ကျွန်တော်သူ့အတွက် ဆုတောင်းပေးပါသည်။ ကျွန်တော် သူ့ကို နှစ်ခြင်းပေးလိုပါသည်။ သူ၏ဇနီးကလည်း နှစ်ခြင်းခံလိုပါသည်။

ကျွန်တော်၏အိမ်နီးပတ်ဝန်းကျင်ရှိ အမျိုးသမီးငယ်တစ်ဦးထံသို့သွားရောက်ခဲ့ပါသည်။ သူမကို သူတို့က စိတ်ရောဂါကု ဆေးရုံသို့ပို့ဆောင်ရန် အခြေအနေတွင်ရှိနေပါသည်။ ကိုယ်တော်ရှင်က သူမအတွက်ကြီးမားစွာ အစီအစဉ်ပြုလုပ်ထားကြပါသည်။ အိမ်ပြန်ရန်ျ့ဖစ်ပါသည်။

လမ်းတွင် လူမဲအမျိုးသမီးတစ်ဦးနှင့် ကျွန်တော်တွေ့ဆုံခွင့်ရပါသည်။ သူမက ‘ရှင်ဟာဘရာသာဘရမ်ဟမ်မဟုတ်လား။’ ဟုမေးပါသည်။ ကျွန်တော်ကလည်း ဟုတ်ပါသည်ဟုဖြေပါသည်။

သူမက ‘ရှင်ကျမကိုမှတ်မိပါသလား။ကျမကမစ္စစ် Drye ဖြစ်ပါတယ်’ ဟုဆိုသည်။

ကျွန်တော်ကပြောပြသည့်အရာမှာ ‘ကျွန်တော်ယုံကြည်ပါသည်။ Pete Drye တို့ဖြစ်ကြပါသည်။ ကျွန်တော်သတိရပါ သည်။’ သူမကအခန်းထဲသို့ကြည့်လိုက်သည်။ သူမဘာကြောင့် ထိုသို့ပြောဆိုရသည်ကို ကျွန်တော်အံ့သြမိပါသည်။ ထိုအခါ လူနာမှာအိပ်ယာထဲတွင် ထ၍ထိုင်နေပါသည်။ လက်များကိုလှုပ်ခါ၍အိပ်ယာထက်မှ ဆင်းရန်ကြိုးစားနေပါသည်။ သခင်ယေရှု၏ နာမတော်မြတ်၌ သူနှင့်သူ၏ဇနီးတို့ဗတ္တိဇံခံရန် အဆင့်သင့်ဖြစ်လျှက်ရှိကြပါသည်။

20 ၂၀။ ကျွန်တော်ဆိုလိုသည်မှာ ကျွန်တော်တို့ထင်မြင်ထားသည်ထက် ပို၍ကြာခြင်းဖြစ်ပါသည်။ ‘ဒံယေလသီတင်း (၇၀)’ နှင့်ပတ်သက်၍ကျွန်တော်တို့နားလည်လာစေရန်အတွက် ဖြစ်သည်ဟုကျွန်တော်ယုံကြည်ပါသည်။

ပင်တေကုတ္တေညီအစ်ကိုအများစု (အများစုမှာသဘောမတူကြပါ။) ကကြီးမားသော အံ့သြဖွယ်တစ်ခုခုဖြစ်လာမည်ဟု မြော်လင့်ကြပါသည်။ သေချာစွာနားထောင်ပါ။ ကြီးမားမှုကို သင်တွေ့မြင်လာပါမည်။ သခင်ယေရှုသည် ပြန်ကြွလာတော်မူရန် အဆင်သင့်ဖြစ်လျှက်ရှိပါသည်။

အသင်းတော်က ဗျာဒိတ်ကျမ်းစာစောင် အခန်းကြီး(၃)ကိုချန်လှပ်ထားခဲ့ပါသည်။နောက်ဆုံးသောအရာမှာခေတ်ကာလ ၏နောက်ဆုံးသတင်းစကားပင်ဖြစ်ပါသည်။ အခန်းကြီး (၁၉)တွင်ပါဝင်သောသတို့သမီးနှင့် ပြန်လာသောယုဒများနှင့်ပတ်သက်၍ ကျွန်တော်တို့သိရပါသည်။ အခန်းကြီး (၁၆)မှ (၁၉) အထိ ဂျူးများနှင့်သာသက်ဆိုင်ပါသည်။ ဤတံဆိပ်များနှင့်ပတ်သက်၍ ကျွန်တော်တို့ညီအစ်ကိုများသိရှိစေလိုပါသည်။ ယခင်ကယေဟောဝါသက်သေခံများ ဖြစ်ခဲ့ကြသောဘရာသာဝိဒ်တို့ (သူနှင့်သူ၏ မိသားစုများအားလုံး ဤမြမနက်ရှိကြပါသည်။) ၁၄၄၀၀၀ မှာတင်ပါးအမျိုးသားများနှင့် ဘာမှမဆိုင်ပါ။ သူတို့မှာဂျူးများဖြစ်ကြပါ သည်။

ယနေ့ကမ္ဘာကြီးပေါ်ရှိမမြင်ရသော ကိုယ်ခန္ဓာပင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့မှာ နက်နဲသော ကိုယ်ခန္ဓာထဲသို့ ဗတ္တိဇံခံခဲ့ပြီးဖြစ်ပါသည်။

21 ၂၁။ ဒံယေလ ၉း၂၄ တွင် ဖော်ပြထားသည့် ကျမ်းချက်ကိုကျွန်တော်တို့ဖက်ကြည့်ကြပါစို့။ 'လွန်ကျူးခြင်းအမှုကိုဆီးတား၍ အပြစ်ကိုတံဆိပ်ခက်စေခြင်းငှာရင်း၊ ဒုစရိုက်အပြစ်ကိုဖြေရှင်း၍ ထာဝရကုသိုလ်ကို သွင်းစေခြင်းငှာရင်း၊ ဗျာဒိတ်ရူပါရုံနှင့် အနာဂတ္တိဗျာဒိတ်တို့ကို တံဆိပ်ခတ်၍အလွန်သန့်ရှင်းသောအရပ်ဌာနကို လိမ်းစေခြင်းငှာရင်း၊ သီတင်း(၇၀)ကိုသင်၏အမျိုးသားချင်းအဘို့နှင့် သင်၏သန့်ရှင်းသောမြို့အဘို့ ဆုံးဖြတ်ခြင်းရှိ၏။'

အခန်းငယ် (၂၅)ကိုဖတ်ကြည့်၍ နားလည်မှုထားပါ။ ထိုအကြောင်းအရာကို ကျွန်တော်တို့ပြောဆိုနေခြင်းဖြစ်၍ ပြီးခဲ့ သောတနင်္ဂနွေညက အဆုံးသတ်ခဲ့ခြင်းဖြစ်ပါသည်။ 'အမြင့်ဆုံးသော သန့်ရှင်းသူကိုဘိသိက်ပေးတော်မူပါသည်။' ယနေ့မနက် ဤနေရာတွင် ကျွန်တော်တို့စတင်ခဲ့ခြင်းဖြစ်ပါသည်။ အခန်းငယ် (၂၅) ဖြစ်သည်။ 'ထို့ကြောင့် ယေရုရှလင်မြို့ကို တဖန်တည် ထောင်ပြုစုစေခြင်းငှာ၊ အမိန့်တော်ရှိသည့်နေမှစ၍ ခရစ်တော်သခင်၏လက်ထက်တိုင်အောင် ခုနစ်သီတင်းနှင့် (၆၂)သီတင်းကြာလိမ့်မည်ဟု သိမှတ်နားလည်လော့။ အနှောင့်အယှက်ခံရသောကာလ၌ မြို့လမ်းကိုတဖန်တည်ထောင်ပြုစုရမည်ဟု စီရင်ဆုံး ဖြတ်ခြင်းရှိ၏။'

ထိုသီတင်း(၆၂) သီတင်းလွန်ပြီးမှ ခရစ်တော်သည်အခွင့်အရဘဲအသေသတ်ခြင်းကို ခံရလိမ့်မည်။ ထိုနောက်မှလာသော သခင်၏လူတို့သည်မြို့တော်ကိုရင်း၊ သန့်ရှင်းရာဌာနကိုရင်း၊ ဖြိုဖျက်ကြလိမ့်မည်။ ရေလွှမ်းမိုးသောအားဖြင့် ဆုံးရှုံးခြင်းဖြစ်လိ်မ့် မည်။ အဆုံးတိုင်အောင်စစ်တိုက်ခြင်း၊ ပျက်စီးရာနှင့်ဆိုင်သောစီရင်ဆုံးဖြတ်ခြင်းရှိလိမ့်မည်။ ဒံယေလ ၉း၂၅-၂၆

စစ်ပွဲအဆုံးသတ်သည့်အချိန်ဖြစ်ပါသည်။ ဘုတ်ပေါ်တွင်ရှိပါသည်။ ယခုကျွန်တော်တို့ တခုခုကိုထပ်မံ၍ စတင်ကြပါမည်။

တစ်သီတင်းတွင် လူအများတို့နှင့်ပဋိညာဉ်ဖွဲ့ခြင်းရှိ၍ ထိုသီတင်းတဝက်တွင် ယဇ်ပူဇော်ခြင်းနှင့်ဆက်ကပ်ခြင်းကိုပ ပျောက်စေလိမ့်မည်။ ရွံ့ရှာဘွယ်သောအရာ၏အထွဋ်ပေါ်သို့ ဖျက်ဆီးသောသူသည်ရောက်၍ စီရင်ဆုံးဖြတ်သော ဘုတ်သင် ပယ်ရှင်းခြင်းသည်ပျက်စီးအပ်သောသူတို့ကိုမလွှမ်းမိုးမှီတိုင်အောင်ထိုသို့ဖြစ်လိမ့်မည်ဟုကြားပြော၏။ ဒံယေလ ၉း၂၇

22 ၂၂။ အလွန်ကောင်းသောသခ်န်းစာဖြစ်ပါသည်။ တနေ့ညက ကျွန်တော်၏ဇနီးကို ကျွန်တော်ပြောမိပါသည်။ 'လူတွေတကယ် ဘဲ သဘောပေါက်ခြင်းရှိ မရှိကျွန်တော်သိချင်ပါတယ်။' ခင်ဗျားကိုလည်းနားလည်စေလိုပါသည်။ တနေကုန်ဤနေရာတွင် နေရမည်ဆိုလျှင်နေပါ။ ကျွန်တော်နားလည်စေလိုပါသည်။ သင်သိစေလိုပါသည်။

၎င်းနောက် ကျွန်တော်သည်ကားချပ်ကို ဤနေရာတွင်ချိတ်ဆွဲထားခဲ့ပါမည်။ နောက်ပိုင်းတွင် ခင်ဗျားတို့ပြန်ဆွဲနိုင် ပါသည်။ ဤနေ့လည်ဝင်လာခဲ့ပါ။ မည်သည့်အချိန်တွင်မဆိုဝင်ခဲ့ပါ။ ကားချပ်များကို ဆွဲနိုင်ပါသည်။ သင်နားလည်နိုင်ရန်အတွက် အထောက်အကူဖြစ်ပေလိမ့်မည်။ ထိုအကြောင်းကြောင့် ဤနေရာတွင်ကျွန်တော်ထားခဲ့ခြင်း ဖြစ်ပါသည်။ သို့မှသာ သင်နားလည် ပေလိမ့်မည်။ ယေရမိ ၂၅း၁၁၊ ဒံယေလ ၉း၂-၃

23 ၂၃။ အနည်းငယ်ပြန်လည်၍ လေ့လာသုံးသပ်ကြည့်ကြပါစို့။ သို့မှသာအခြေခံအချက်အနည်းငယ်ရရှိပါမည်။ ဒံယေလမှာသူ၏ လူများအတွက် စိတ်သောကရောက်လျှက်ရှိပါသည်။ အကြောင်းမှာ သူသည်ယေရမိအကြောင်း ဖတ်ရှုလေ့လာခဲ့ဘူးပြီးဖြစ်၍ ယေရမိကသူတို့သည် နှစ်ပေါင်း(၇၀)ခန့်ချုပ်နှောင်ခြင်းခံရမည့် အကြောင်းသိထားနှင့်ပါသည်။ သူတို့သည်(၆၈)နှစ်ခန့်ချုပ်နှောင် ခြင်းထဲတွင်နေခဲ့ရပြီး ဖြစ်ပါသည်။ ထို့ကြောင့် အချိန်ကျရောက်ပြီဖြစ်ကြောင်း သူတို့သိကြပါသည်။ သူ၏အလုပ်အားလုံးကို ဘေးသို့ချထားပြီး နေ့စဉ်သူ၏လုပ်ငန်းတာဝန်များကို ဘေးဖယ်၍ ဘုရားသခင်ဘက်သို့လှည့်၍ ပြာလူးပြီးလျှော်တေအဝတ်ကို ဝတ်၍ အစာရှောင်ဆုတောင်းခဲ့သည်။ အချိန်နာရီကို နားလည်နိုင်ရန်အတွက်ပင် ဖြစ်ပါသည်။ (ပန်ကာလေပြင်းနေပါသည်။ ကျွန်တော်အတွက်မကောင်းပါ။ ကျေးဇူးတင်ပါသည်။)

24 ၂၄။ ဒံယေလသည် ဤသီတင်းစကားကို သူ၏လူမျိုးတော်ကိုသိစေလိုပါသည်။ ဒံယေလမှာ သူ့အရင်ပရောဖက်များ၏ စာစောင်များကိုဖတ်၍ နောက်ဆုံးအချိန်ရောက်လုနီးပြီ။ ဆိုသောအသိတရားဝင်လာပါသည်။ လမ်းဆုံးသို့ရောက်ပြီဖြစ်၍ပြာလူးပြီး လျှော်တေအဝတ်ကိုဝတ်ရန်မဟုတ်ဘဲ လောကအရာနှင့် ဤကမ္ဘာမြေကြီးကိုပစ်ပယ်ပြီး ဘုရားသခင်ကိုရှာဖွေ၍ မည်သည့် နေ့ရက်ကာလသို့ ရောက်နေပြီဖြစ်ကြောင်းသိရပေမည်။ အကြောင်းမှာနောက်ဆုံးအချိန်သို့ရောက်နေပြီဖြစ်ကြောင်း ကျွန်တော်တို့ တွေ့ရပါသည်။ အသင်းတော်မှာ အစာရှောင်ဆုတောင်းလျှက်အသင်းပြင်ဆင်ထားပြီး မည်သို့ရှင်းပြရမည်ကို မသိဘဲ ဖြစ်ကြရ ပါသည်။ အကြောင်းမှာကျွန်တော်ကအချိန်တိုင်းတွင် ကျော်ဖြတ်သွားရပြီး 'ဒံယေလသီတင်း(၇၀)ဟု' ပြောဆိုရပါသည်။ အကြောင်းမှာ ကျွန်တော်နားမလည်သောကြောင့်ဖြစ်ပါသည်။ သင်တို့ကိုရှင်းပြရန် ကျွန်တော်ကြိုးစားခြင်းဖြစ်၍ ကိုယ်တော်ရှင် အားဖြင့်ဖြစ်နိုင်ပါသည်။ ကျေးဇူးတော်အားဖြင့် ကိုယ်တော်ရှင်ကြွလာတော်မူခြင်းနှင့် ကျွန်ုပ်တို့မှာမည်မျှနီးကပ်လာပြီဖြစ်ကြောင်း သိရပါသည်။ ဒံယေလ ၉း၂၁-၂၄

25 ၂၅။ ယခုအခါ ဒံယေလမှာနှစ်နှစ်ခန့်ရှိပေပြီ။ သူဆုတောင်းသောအခါ ကောင်းကင်တမန်ဂါဗြေလ သူ့ထံပြေးလာပြီး သူ၏လူများချည်နှောင်ခြင်းမှ လွတ်မြောက်သည်သာမက သူ၏လူမျိုးအတွက် ဆုံးဖြတ်ထားသဖြင့်သူ၏လူများအတွက် အားလုံးလက်ကျန်ပင်ဖြစ်ပါသည်။ 'ဂျူးလူမျိုးများအတွက် သီတင်း(၇၀)သာကျန်ပါတော့သည်။' ဒံယေလ ၉း၂၄

ရည်ရွယ်ချက်မှာ (၆)ချက်ရှိကြောင်း ကျွန်တော်တို့ တွေ့ရပါသည်။ သူတို့ထဲမှတစ်ဦးက အပြစ်ကိုအဆုံး သတ်လိုက် ပါသည်။ အပြစ်ကိုအဆုံးသတ်ရန်အတွက် အပြစ်အတွက်ပြန်လည်ပြီးရန်ငြိမ်းစေရန်အတွက် ထာဝရဖြောင့်မတ်ခြင်းကို ဆောင်ယူ လာရန်ပင်ဖြစ်ပါသည်။ ရူပါရုံနှင့်ပရောဖတ်ပြုခြင်းကို တံဆိပ်ခတ်၍အမြင့်ဆုံးသောဘုရားကို ဘိသိက်ပေးရန်ပင် ဖြစ်ပါသည်။

ပြီးခဲ့သောတနင်္ဂနွေမနက်က ဒံယေလအကြောင်းဆုတောင်းနေကြောင်း လေ့လာခဲ့ရပါသည်။ အိမ်ပြန်ကြသောအခါ လူများကကျမ်းစာဖတ်ကြမည်ဖြစ်ပါသည်။ ခင်ဗျားတို့ဖတ်ကြပါသလား။ ကြိုက်ကြပါသလား။ အလွန်ကောင်းပါသည်။

ဒံယေလ ၉း၂၄

အချက်(၆) ချက်ပါသော ရည်ရွယ်ချက်ဖြစ်ပါသည်။ ဆဌမမြောက်ရည်ရွယ်ချက်တွင် 'အမြင့်ဆုံးသောဘုရားကို ဘိသိတ် ပေါ်ရန်' ဆိုသောအချက်ကိုတွေ့ရပါသည်။ အမြင့်မြတ်ဆုံးဆိုသည်မှာ အမြဲတမ်းအသင်းတော်ကို ကိုယ်စားပြု၍ တဲတော်ကို ဆိုလိုခြင်းဖြစ်ပါသည်။ နောက်ဆုံးသောအရာမှာ အမြင့်ဆုံးသောအရာကို ဘိသိတ်ပေးရန်ပင်ဖြစ်ပါသည်။ အနှစ်(၁၀၀၀) အုပ်စိုးခြင်းကာလအတွင်း ဖိလေနိကာလတဲတော်ပင်ဖြစ်သည်။ ကျွန်တော်တို့နေထိုင်မည့် နေရာပင်ဖြစ်ပါသည်။

26 ၂၆။ ယနေ့ကျွန်တော်တို့သည် သီတင်း(၇၀)နှင့်တဖြည်းဖြည်းနီးကပ်လာပါပြီ။ဤအပိုင်းသည် အလွန်အရေးကြီးသော အပိုင်းဖြစ်ပါသည်။ သီတင်း(၇၀)ပင်ဖြစ်ပါသည်။

ကျမ်းချက်များက လိမ်မပြောတတ်ပါ။ အမှန်တရားပင်ဖြစ်ရပေမည်။ ကောင်းကင်တမန်ဂါဗြေလက လာရောက်၍ ဒံယေလအား ဂျူးတို့အတွက်သီတင်း(၇၀)သာကျန်တော့ကြောင်း ပြောသောအခါကျွန်တော်တို့က (၆)ရက်ဟု ယူဆရပေမည်။ ရက်သတ္တပတ်(၆)ရက်သို့မဟုတ် (၇)ရက်ပင်ဖြစ်ပါသည်။ ပရောဖက်ပြုသည့်အခါတိုင်း အမြဲတမ်းကဗျာကဲ့သို့ ပြောကြားလေ့ရှိ သည်ကို သိထားရပါမည်။

ဤခေတ်ကာလတလျှောက်လုံး အကြိမ်ပေါင်းရာပေါင်းများစွာ လူတို့သည်ကျမ်းတတ်ပုဂ္ဂိုလ်များ၊ ပညာတတ်များက ဤသီတင်း (၇၀) အကြောင်းကိုရှင်းလင်းဖော်ပြခဲ့ပါသည်။သူတို့ကောက်ချက်ချနေသည့်အရာများကိုလည်း ကျွန်တော်များစွာ ဖတ်ခဲ့ရပါသည်။ စနေသင်းမှ မစ္စတာစမစ်၏ရှုဒေါင့်များအတွက်လည်း ကျွန်တော်များစွာ ဂုဏ်ယူမိပါသည်။ သူတို့၏ရှုဒေါင့်များ အတွက် အထက်ပါကျမ်းတတ်ပုဂ္ဂိုလ်များအားလုံးကို ကျွန်တော်ကျေးဇူးတင်ပါသည်။ ၎င်းအရာများကို ဖတ်ရှုလေ့လာခြင်း အားဖြင့် မှန်ကန်သောနေရာများကို ကျွန်တော်ရှာဖွေနိုင်ခဲ့ပြီးများစွာအလင်းတရားရခဲ့ပါသည်။ ကျွန်တော်ရှင်းလင်းတင်ပြလိုသော ရှုဒေါင့်များကို ရရှိရန်အတွက်စွယ်စုံကျမ်းများကိုလေ့လာခဲ့ရသည်။ အချိန်တည်းဟူသောစွယ်စုံကျမ်းဖြစ်၍ အချိန်၏အဓိပ္ပာယ်ကို ရှာဖွေရမည်ဖြစ်ပါသည်။

27 ၂၇။ ကျွန်တော်တို့တွေ့ရသည့်အချက်မှာ 'အချိန်နှင့်အချိန်ခွဲဝေခြင်းပင်ဖြစ်ပါသည်။' အချိန်ဆိုသည်မှာ အဘယ်နည်း။ ရက်သတ္တပတ်ဆိုသည်မှာ အဘယ်နည်း။ ဘုရားသခင်က လွန်ခဲ့သောနှစ်ပေါင်း(၃၄၃၀)ခန့်ကစတင်၍ဂျူးလူမျိုးများနှင့်ပတ်သက်၍ စတင်အလုပ်လုပ်ခဲ့ပြီးဖြစ်ပါသည်။ ဒံယေလမှာ ဘီစီသက္ကရာဇ်ဖြစ်ပါသည်။ အချိန်ကာလမှာ ဘီစီ-၅၃၈ ခရစ်မပေါ်မီ နှစ်ပေါင်း (၅၃၈)နှစ်ကိုဆိုလိုခြင်းဖြစ်ပါသည်။ထိုအခါက သူသည်အချိန်ခွဲဝေခြင်းနှင့်သီတင်း(၇၀)အကြောင်းပြောပါသည်။ သီတင်း(၇၀) က သူ့အားမည်သည့်နေရာသို့ဆောင်သွားပါမည်နည်း။ ကြည့်ပါ။ သီတင်း(၇၀)အတွင်းသူသည်ဘာဗုလုန်တွင် ရှိနေဆဲဖြစ်ပါ သည်။ သို့တိုင်ဘုရားသခင်ကသူ့အား အချိန်သုံးသူများနှင့်ပတ်သက်၍ ဆုံးဖြတ်ရမည်အကြောင်း ပြောပြပါသည်။ ဒံယေလ ၉း၂၄

28 ၂၈။ ကျွန်တော်၏ အသင်းတော်က ဤကျော်ဖြတ်လာရသောကာလတလျှောက်ကျွန်တော်သင်တို့ကို အမြဲတမ်းပြောပြခဲ့ ကြောင်းသိကြပါသည်။ သင်တို့နေ့ရက်ကို သိလိုပါက ပြက္ခဒိန်ကြည့်ကြပါသည်။ သို့သော်လည်း ကျွန်တော်တို့အသက်ရှင် နေထိုင်သောကာလကို သိလိုပါကဂျူးများကိုကြည့်ကြပါ။ တခုတည်းသော အချိန်မှတ်ကရိယာပင်ဖြစ်ပါသည်။ ဘုရားသခင်က တပါးအမျိုးသားများအတွက် အချိန်ကာလခွဲခန့် မှတ်ပေးခြင်းမရှိပါ။ အချိန်အကန့်အသတ်လည်းမရှိပါ။ စာရေးဆရာကြီးများက ဘာကြောင့်ရောထွေးခဲ့ကြောင်း ကျွန်တော်စဉ်းစားမိပါသည်။ ဂျူးများနှင့်တပါးအမျိုးသားများကို လက်တွေ့ကျင့်သုံးရန် ကြိုးစားခဲ့ ခြင်းပင်ဖြစ်ပါသည်။ အကြောင်းမှာ ကိုယ်တော်ရှင်က 'ငါ၏လူများ' ဟုဆိုခဲ့သောကြောင့် ဖြစ်ပါသည်။ ဒံယေလကို ကိုယ်တော်ရှင်က စကားပြောနေခြင်းသာဖြစ်ပါသည်။ အသင်းတော်ကိုပြောနေခြင်းမဟုတ်ပါ။ ဒံယေလ၏လူမျိုးဖြစ်သော ဂျူးများကို ပြောဆိုနေခြင်းသာဖြစ်ပါသည်။ ကိုယ်တော်ရှင်ကအသင်းတော်ကိုသာစကားပြောနေခြင်း မဖြစ်နိုင်ပါ။ ဂျူးတို့ကို ပြောနေခြင်းဖြစ်၍ ဂျူးတို့မှာ ဘုရားသခင်၏အချိန်မှတ်ကရိယာပင်ဖြစ်သည်။

29 ၂၉။ ခင်ဗျားတို့သတိရကြပါသလား။ သိပ်မကြာမီကာလက ဘရာသာ Argen Bright (ကယ်လီဖိုးနီးယား International Full Gospel Businessmen's Association မှဒုဥက္ကဌ) ကကျွန်တော်အိမ်သို့ ရုပ်ရှင်ကားတစ်ကားယူဆောင်ခဲ့ပါသည်။ 'သန်းခေါင်ယံမတိုင်မှီသုံးမိနစ်0' အမည်ရှိသောရုပ်ရှင်ကားဖြစ်ပါသည်။ သိပ္ပံနည်းကျသုတေသနပြုလုပ်၍ ရိုက်ကူးထားခြင်း ဖြစ်သည်။ ဂျူးများယေရုရှလင်မြို့သို့ပြန်လာကြသည်ကိုတွေ့ရသောအခါ ကျွန်တော်သည်တဲတော်သို့ဆင်းလာပြီး တဖန်ပြန် လည်၍ ပြောင်းလဲခြင်းကိုခံစားရသကဲ့သို့ ခံစားရပါသည်။ ခင်ဗျားတို့မှတ်မိ ါကပါလိမ့်မည်။ သခင်ယေရှုက ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး ၂၄တွင် သဘော ်သဖန်းပင်သည် အဖူးကလေးများထွက်လာသောအခါ သင်တို့အချိန်ကာလနီးပြီဖြစ်သည်ကို သိကြရလိမ့်မည်။ ဂျူးများမိမိတို့၏မွေးရပ်မြေသို့ ပြန်ရောက်ကြပြီဖြစ်ပါသည်။

30 ၃၀။ ကျွန်တော်ဤနေရာတွင် ရေးသားထားသောမှတ်ချက်အချို့ကိုဖော်ပြလိုပါသည်။ ၎င်းတို့နှင့်ပတ်သက်၍ လေ့လာလိုပါ သည်။ ကျွန်တော်အချိန်ယူလိုပါသည်။ သို့မှသာ သင်တို့လည်းရေးမှတ်နိုင်မည်ဖြစ်ပါသည်။ ဂျူးများနှင့်သာဆိုင်ပါသည်။ အသင်း တော်နှင့်လုံးဝသက်ဆိုင်ခြင်းမရှိပါ။ ဗျာဒိတ်ကျမ်းအခန်းကြီး (၃)မှစ၍ (၁၉) အထိတစ်ခုမှအသင်းတော်နှင့်မသက်ဆိုင်ပါ။

ကျွန်တော်မည်ကဲ့သို့တွေ့ရှိခဲ့ကြောင်း ရှင်းပြလိုပါသည်။ ကျောက်သင်ပုန်းပေါ်တွင် ကျွန်တော်ရေးသားထားသော အရာကို တွေ့မိကြပါသည်။ ကွက်လပ်ရေးထားသောအရာပင် ဖြစ်ပါသည်။ ထိုသို့ကွက်လပ်မည်သို့ဖြစ်ပေါ်လာကြောင်း အားလုံး နားလည်စေရန်

ရှင်းပြလိုပါသည်။ နောက်ဖက်မှမြင်ကြရမည်မဟုတ်ပါ။ လက်ရေးသေးလွန်းသောကြောင့်ဖြစ်ပါသည်။ နေဗုခ် နေဇာ၏အိမ်မက်ထဲမှ ရုပ်တုကြီး၏ပုံကို Beeky ကဆွဲပြထားခြင်းဖြစ်ပါသည်။ ဆွဲထားသောပုံမှာမလှသော်လည်း ကျွန်တော်တို့ လေ့လာကြမည့်အကြောင်းအရာနှင့် ကိုက်ညီ၍ ပေါ်လွင်စေပါမည်။

31 ၃၁။ သမ္မာကျမ်းစာတွင် ဖတ်ရှုလေ့လာပါက သီတင်း(၇၀)ကိုလူများအတွက် သတ်မှတ်ထားပါက အသင်းတော်နှင့် လုံးဝမသက်ဆိုင်ပါ။ ထိုသီတင်း(၇၀) အကြားတွင် အသင်းတော်ကာလရှိကြောင်း ကားချပ်တွင်ဆွဲထားသည်ကို တွေ့ရပေမည်။

အသင်းတော်ထဲတွင်ရှိသော ဤအဖြူရောင်မှာတမန်တော်တို့မှ ဆက်နွယ်ဆင်းသက်ခြင်းကို ဖော်ပြပါမည်။ ဒုတိယ အသင်းတော်ကာလမှာ နိကောလတပည့်တို့၏ သွန်သင်မှုကိုတွေ့ရပါသည်။ သို့သော်လည်း နိကောလအယူအဆတစ်ခု ဖြစ်မလာပါ။ တတိယအသင်းတော်ကာလတွင် ဩဝါဒသွန်သင်မှုတစ်ခုဖြစ်လာပြီး စတုတ္ထအသင်းတော်ကာလတွင် အဖွဲ့အစည်း အဆောက်အအုံနှင့်ဖြစ်၍ ရောမပုပ်ရဟန်းမင်းအာဏာပင်ဖြစ်ပါသည်။ အမှောင်ခေတ်ကာလပင်ဖြစ်ပါသည်။ ဤနေရာတွင် တွေ့ရသော အမှောင်ထုကြီးတစ်ခုလုံးမှာ နိကောလသွန်သင်မှုသို့မဟုတ်ရောမကာသိုလစ်သွန်သင်မှုကို ကိုယ်စားပြုသည်။ အဖြူရောင်အပိုင်းမှာ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောအသင်းတော်ကို ကိုယ်စားပြုသည်။ အဖြူရောင်အပိုင်းမှာ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောအသင်းတော်ကို ကိုယ်စားပြုသည်။ ရှင်ပေတရု၏ခေတ်ကာလက တမန်တော်တို့မှ ဆက်နွယ်ဆင်းသက်လာသော အသင်းတော်မှာဝိညာဉ်တော်နှင့် ပြည့်လျက်ရှိပါသည်။ ၎င်းနောက်ဗဟိုရ်ဦးစီးမှု ချုပ်ကိုင်ဝင် ရောက်လာသည်။ ၎င်းတို့ကလုံးဝအနိုင်ယူ၍ အသင်းတော်တစ်ခုဖန်တီးယူလိုက်ကြသည်။ အသင်းတော်ငယ်ကလေးမှာ မီးရှို့ ခြင်း၊ ကျောက်ခဲနှင့်ပစ်ခြင်း၊ ခြင်္သေ့စာကျွေးခြင်းခံလိုက်ရပါတော့သည်။ ဗျာဒိတ် ၃း၁၄

32 ၃၂။ ပြန်လည်ပြုပြင်ရေးကာလက လူဘာကြောင့်အလင်းနဲနဲရကြသည်။ ဝက်စလီ၏ခေတ်ကာလကလည်း အလင်းနဲနဲရကြ သည်။ ယခုအချိန်မှာ နောက်ဆုံးအသင်းတော်ကာလဖြစ်ပါသည်။ လောဒိကိအသင်းတော်ကာလဖြစ်၍ ကျွန်တော်တို့ အသက်ရှင်နေထိုင်ကြရသော အသင်းတော်ကာလပင်ဖြစ်ပါသည်။ အလင်းသိတ်မရကြကြောင်း သင်သတိပြုမိမည်ဖြစ်ပါသည်။

အမျိုးသမီးအချို့အပေါ်တွင် ပုံဆွဲထားသည်ကိုတွေ့ကြသည်။ ‘ဘရာသာဘရင်ဟမ်ရှက်ဖွယ်ရာဖြစ်သည်။ ဤခေတ် ကာလမှာ အလင်းတရားကြီးမားစွာရသော ခေတ်ကာလဖြစ်သည်’ ဟုဆိုကြသည်။

ခရစ်တော်ကိုအပြင်သို့ထုတ်ထားသော တစ်ခုတည်းသောအသင်းတော်ကာလမှာ ဤခေတ်ဤကာလပင်ဖြစ်ပါသည်။ ကျွန်တော်တို့မှာကြီးမားသောဝန်ခံမှုကို ပြုလုပ်သော်လည်း ကျွန်တော်တို့ပြောသည်အတိုင်း ပိုင်ဆိုင်မှုရှိပါရဲ့လား။ ခရစ်တော်တစ် ကယ်ဘဲ အသင်းတော်ထဲတွင် ရှိပါသလား။ လူနည်းစုကလေးအတွင်းမှာသာရှိပေလိမ့်မည်။ ဒံယေလ ၉း၂၄

33 ၃၃။ ဒံယေလသီတင်း(၇၀) ကိုအတိုချုပ်မှတ်ချက်ကလေးများချကြည့်ကြပါစို့။ခင်ဗျားတို့လက်မခံနိုင်ပါကလည်းပြောရမည် သာဖြစ်ပါသည်။ ဒံယေလအခန်းကြီး (၉)တွင် ဖော်ပြထားသကဲ့သို့ ၎င်းတို့ကိုကာလသုံးစုခွဲထားပါသည်။ ပထမဆုံးသီတင်း(၇)ပတ်၊ ၎င်းနောက် (၆၂)ဖြစ်၍နောက်တစ်ခုမှာတစ်သီတင်းဖြစ်သည်။ကာလသုံးစုအဖြစ် ခွဲခြားထားပါသည်။

ကျွန်တော်ဘုတ်ပြားပေါ်တွင် ခွဲခြား၍ရေးသားထားပါသည်။ ပထမဆုံးအချိန်၊ ဒုတိယအချိန်နှင့် ဧဝံဂေလိတရားအားဖြင့် ကျွန်တော်နားလည်သလောက်ပြောရမည်ဆိုလျှင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်ပါသည်။ နောက်ဆုံးသောအချိန်အထိ ဘုရားသခင်သည် ဂျူးတို့ထံသို့ပြန်လာပါသည်။

ပေါလုနှင့်တကွအခြားသောသူများ၏ သွန်သင်မှုအားဖြင့် ဧဝံဂေလိကျမ်းများအားဖြင့် ကျွန်တော်တို့သိရပါသည်။ ဘုရား သခင်သည် ယုဒများထံသို့ပြန်သွားပါဦးမည်။ ဘုရားသခင်သည်ဂျူးများထံသို့ပြန်သွားမည်ဆိုပါက ကျွန်တော်တို့သည် ဒံယေလ၏ ခေတ်ကာလသို့ မည်သို့ပြန်သွားနိုင်ပါမည်နည်း။ ဤနောက်ဆုံးသောကာလသို့သာ ကျွန်တော်တို့လက်တွေ့ ပြန်သွားရပါမည်။ တပါးအမျိုးသားအသင်းတော်မရှိတော့ပါက သူသည်ဣသရေလနှင့်ပြန်လည်၍ နိုင်ငံတစ်နိုင်ငံအနေနှင့် အလုပ်လုပ်ရမည် ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ပုဂ္ဂိုလ်တစ်ဦးစီသာဖြစ်ပါသည်။ နေဟမိ ၄း၁၇၊ ဒံယေလ ၉း၂၅

34 ၃၄။ ကျွန်တော်တို့လေ့လာသည်နှင့်အမျှ ကျွန်တော်တို့သည် သင်တို့အတွက်ဖတ်ပြရန်ရေးသားထားသည့်အရာ အချို့ရှိပါ သည်။ ယေရုရှလင်မြို့ကိုပြန်လည်တည်ဆောက်ရန်အတွက် အမိန့်ထုတ်ခြင်းပင်ဖြစ်ပါသည်။ မတ်လ၏(၁၄)ရက်မြောက်နေ့တွင် ဖြစ်ပါသည်။ ရေးမှတ်လိုပါက ရေးမှတ်နိုင်ပါသည်။ ဟေဗြဲပြက္ခဒိန်အရနိစန်ဟုခေါ်၍ အဓိပ္ပာယ်မှာ ‘မတ်လ’ ဖြစ်သည်။အမိန့် ထုတ်ပြန်ချက်ကို ဘီစီ ၄၄၅၃-ခုနှစ်မတ်လ(၁၄)ရက်နေ့တွင်အမိန့်ထုတ်ပြန်ထားခြင်းဖြစ်သည်။လုံးဝပြီးဆုံးသွားသည်အထိ(၄၉) နှစ်ကြာပါသည်။ ဗိမာန်တော်နှင့် မြို့တော်ကိုတည်ဆောက်ရန်ကာလပင်ဖြစ်သည်။ သမ္မာကျမ်းစာဆိုထားသည့်အတိုင်း ဒံယေလကပြောဆိုခြင်းဖြစ်ပါသည်။ (ဒံယေလ၏ကောင်းကင်တမန်ကလည်း ဆိုထားပါသည်) မြို့တော်ကိုပြန်လည်တည် ဆောက်သည့်အခါရှုပ်ထွေး၍ ဒုက္ခများနေသောကာလတွင် ပြန်လည်၍တည်ဆောက်ခြင်းပင်ဖြစ်ပါသည်။ ထိုသို့တည်ဆောက် သည့်အခါ တစ်ဖက်တွင် တည်ဆောက်၍တစ်ဖက်ကလည်း ရန်သူကိုသတိပြုလျှက်ထားကိုကိုင်ဆွဲပြီး တည်ဆောက်ရခြင်း ဖြစ်ပါသည်။ ပြန်လည်တည်ဆောက်သည့်အချိန်မှာ အလွန်ရှုတ်ထွေး၍ ဒုက္ခဆင်းရဲနှင့်ရင်ဆိုင်နေရသော အချိန်တွင် တည် ဆောက်ရခြင်းပင်ဖြစ်ပါသည်။

35 ၃၅။ ကျွန်တော်တို့ပြက္ခဒိန်သုံးလေးခုရှိပါသည်။ ခေတ်ဟောင်းနက္ခပြက္ခဒိန်ကို ပြန်သွား၍ လေ့လာသောအခါ ဂျူလီယန် ပြက္ခဒိန်တွင် တစ်နှစ်အတွင်းရက်ပေါင်း ၃၆၅၁/၄ ရက်ရှိကြောင်းတွေ့ရပါသည်။ သူတို့အချိန်သတ်မှတ်သည့်အခါ သာဒိနှင့်အခြား ကြယ်များဖြတ်သန်းသွားသောအချိန်ဟု သတ်မှတ်ပါသည်။ သူတို့ကအချိန်သတ်မှတ်ပါသည်။ ရောမပြက္ခဒိန်တွင် ကျွန်တော်တို့

တွေ့ရသည့်အချက်မှာပြက္ခဒိန်အားဖြင့် ၃၆၅-ရက်ရှိသည်ကိုတွေ့ရပါသည်။ ခရစ်ယာန်သို့မဟုတ် ပရောဖက်ပြုချက်ပြက္ခဒိန် အရရက်ပေါင်း ၃၆၀-သာတစ်နှစ်အတွင်း ကျွန်တော်တို့တွေ့ရပါသည်။

ဤကဲ့သို့ ရှုပ်ထွေးမှုမည်သို့ဖြစ်လာရကြောင်း သင်စဉ်းစားမိပေလိမ့်မည်။ ကျွန်တော်ကိုယ်တိုင်စကားပြောသကဲ့သို့ ကျွန်တော်က သာပြောနိုင်ပါသည်။ antedi-luvian ပျက်စီးခြင်းမတိုင်မှီက ယောဘ၏ခေတ်ကာလအချိန်အခါတွင် သူတို့သည် ကြယ် နက္ခတ်တာရာများကို ကြည့်၍အချိန်သတ်မှတ်ကြပါသည်။ ထိုအချိန်မတ်ိုင်မှီက ကမ္ဘာကြီးမှာဖြောင့်မတ်မှန်ကန်စွာ ရပ်တည် လျှက်ရှိပါသည်။ လူသားက အပြစ်ပြုလုပ်လိုက်သောအခါ ကမ္ဘာလောကကြီးမှာပျက်စီးသွားရပြီး ရေလွှမ်းမိုးမှုများဖြစ်လာ ရပါသည်။ ကမ္ဘာကြီး၏အပေါ်ပိုင်းနှင့်အောက်ပိုင်းမှာ ရေခဲပြင်ဖြင့်ဖုံးလွှမ်းလျှက်ရှိပါသည်။ ကမ္ဘာကြီးမှာမားမားမတ်မတ်ရပ်တည် ခြင်းမရှိတော့ဘဲလည်ထွက်သွားရပါတော့သည်။ လနှင့်ကြယ်များတုန်ခါသွားရသည်။ နေရာတကျမရှိတော့ပါ။ အချိန်ကာလ သတ်မှတ်၍ မရတော့ပါ။ တချိန်ထဲမှာပင်ကြယ်များနှင့် မတိုက်မိစေရန်ရှောင်နေရသည်။ ဒံယေလ ၁၂း၁၀

36 ၃၆။ ထိုအခြေအနေမျိုးဖြင့် လဲလျောင်းနေရပါသည်။ ဤအချိန်ကာလမှာအမှန်ပင် အချိန်ကျရောက်ပြီဖြစ်ကြောင်းဖော်ပြထား ပါသည်။ သင်မမြင်တွေ့နိုင်ပေဘူးလား။ ဘုရားသခင်က အရာခပ်သိမ်းကိုစံနစ်ကျနစွာ စီစဉ်ထားပါသည်။ အချိန်အနည်းငယ် အတွင်း ကိုယ်တော်ရှင်ကခွင့်ပြုထားခြင်းပင်ဖြစ်ပါသည်။ နောက်ဆုံးသောအချိန်ကာလတွင် ဘုရားသခင်ကဤနက်နဲသည့် အရာများကို အသင်းတော်အားဖော်ပြမည်ဟုဆိုထားပါသည်။ သူယခင်ကပြုလုပ်ခဲ့ခြင်းမရှိပါ။ ထိုသို့ပြုလုပ်ခဲ့ခြင်းမရှိရခြင်းမှာ တချိန်လုံးစောင့်ကြတ်ကြည့်ရှု၍ ဆုတောင်းစေလိုသောကြောင့် ဖြစ်ပါသည်။ ဘယ်အချိန်တွင်ရောက်လာမည်ဖြစ်ကြောင်း မသိရပါ။ ဒံယေလ (၁၂)တွင် 'ပညာရှိသောသူသည် နောက်ဆုံးသောနေ့ရက်တွင် နားလည်လာမည်ဖြစ်သည်။' ဟုဆိုထားပါ သည်။ သူ့အားပေးအပ်ခဲ့ပြီဖြစ်ပါသည်။

ပညာရှိခြင်း၏ ဝိညာဉ်သည်အသင်းတော်ထဲသို့ ဝင်လာ၍သန့်ရှင်းသော ဝိညာဉ်တော်ဖော်ပြခြင်းအားဖြင့် အသင်းတော် ကိုသိမြင်စေပါသည်။ အသင်းတော်ကို ဆောင်ယူလာခြင်းဖြစ်၍ ကျွန်တော်တို့အသက်ရှင်နေထိုင်သောနေ့ရက်ကို ဖော်ပြပါ သည်။ ဂါဗြေလသည်ဒံယေလထံသို့ လာသကဲ့သို့သန့်ရှင်းသောဝိညာဉ်တော်ကလည်း နောက်ဆုံးသောကာလတွင် ဤနက်နဲ သောအရာများကို ဖော်ပြရန်အတွက်ကြွလာတော်မူခြင်းဖြစ်ပါသည်။ သင်ယခုနားလည်လာပြီလား။

37 ၃၇။ နက္ခတ်ဗေဒဆိုင်ရာပြက္ခဒိန်(သို့) ဂျူလီယန်ပြက္ခဒိန်ကိုဖယ်ရှားလ်ုက်ခြင်းပင်ဖြစ်ပါသည်။ နက္ခတ်ဗေဒဆိုင်ရာခုနှစ်ကို ကြည့်ပါ။ အကြောင်းမှာ ကမ္ဘာကြီးနိမ့်လျှောသွားသောကြောင့်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံး ကျောင်းတွင်လေ့လာ သင်ကြားခြင်းအားဖြင့် သိကြရပါသည်။ ကြယ်များသည် တချိန်တည်းမှာပင်ကမ္ဘာလောကကြီးကို ဖြတ်ကျော်၍သွားမည် ဖြစ်ပါသည်။ ရောမပြက္ခဒိန်မှာလည်းမှားနေပြီဖြစ်ပါသည်။ ဤနေရာတွင် ကျွန်တော်များစွာပြောပြနိုင်သည့် အရာများရှိပါသည်။ သဘာဝကိုယ်တိုင်ကပင် ကျွန်တော်တို့အားတစ်နှစ်တွင် ရက်ပေါင်း(၃၆၅) ရက်သာရှိကြောင်း သွန်သင်ပေးထားပါသည်။(ဗျာဒိတ် ၁၁း၃)

ပရောဖက်နှစ်ဦးနှင့်ပတ်သက်သည့် အကြောင်းအရာကို လေ့လာရသည့်နေ့ရက်များနှင့် ပတ်သက်၍ ဗျာဒိတ်ကျမ်းကို လေ့လာ ကြည့်ကြပါစို့။ သမ္မာကျမ်းစာတွင် သူတို့သည် ရက်ပေါင်းတစ်ထောင့်နှစ်ရာနှင့်သုံးဆယ် ပရောဖက်ပြုကြကြောင်း ဖေါ်ပြထား သည်ကို တွေ့ရပါသည်။ နက္ခဗေဒဆိုင်ရာပြက္ခဒိန်ကိုကြည့်ပါ။ သုံးနှစ်ခွဲအချိန်ကာလရောက်ရန် နှစ်ပေါင်းများစွာ ကြာသည်ကို တွေ့ရပေမည်။ ယနေ့ကျွန်တော်တို့ထံတွင်ရှိသောရောမပြက္ခဒိန်ကို ကြည့်ပါ။ နှစ်ပေါင်းများစွာ ကြာပြီဖြစ်ပါသည်။ ပရောဖက်ပြက္ခ ဒိန်ကိုကြည့်ပါ။ အတိအကျပင်ရက်ပေါင်း(၁၂၃၀)မှာတစ်လအတွက် ရက်ပေါင်းသုံးဆယ်တွင် ရှိမည်ဖြစ်ပါသည်။ (ဗျာဒိတ် ၇း၁၄)

38 ၃၈။ ကျွန်တော်တို့သည် တစ်လတွင်ရက်ပေါင်း ၃၀၊ ၃၁နှင့် ၂၈ခန့်ရှိသည်ကို တွေ့ရပါသည်။ သို့သော်လည်း ဘုရားသခင်မှာ အပေါ်အောက်၊ အရှေ့၊ အနောက်တောင်၊ မြောက်စသည်ဖြင့်မရှိပါ။ သူကအတိအကျပင်ဖြစ်ပါသည်။ တစ်လတွင်ရက်ပေါင်း(၃၀) ရှိပါသည်။ (၃၁)ရက်မဟုတ်ပါ။ ရက်ပေါင်း(၃၀)ဖြစ်ပါသည်။အသင်းတော်ကဆုတောင်းလျှက်စောင့်နေသည်ကိုတွေ့ရပြီး အဆင် သင့်ဖြစ်နေစေရန်အတွက် သူတို့၏ဝတ်ရုံများကို သိုးသူငယ်၏အသွေးတော်၌ လျှော်ဖွတ်၍စင်ကြယ်စေရပါမည်။ နောက်ဆုံးသော နေ့ရက်များတွင် ကိုယ်တော်ရှင်ဂတိပြုထားတော်မူပါသည်။ ယခုကျွန်တော်တို့မည်သည့်နေရာတွင် အသက်ရှင်နေကြောင်း သိရပါမည်။ ရည်ရွယ်ချက်တစ်လုံးမှာ ထိုသို့ဆောင်ရွက်ရန်ပင်ဖြစ်ပါသည်။ (ဒံယေလ ၉း၂၅)

39 ၃၉။ ရက်ပေါင်း(၄၉)ရက်သာအတိအကျရှိပါသည်။နှစ်ပေါင်း(၄၉)နှစ်ဟုဆိုလိုခြင်းဖြစ်ပါသည်။ ဗိမ္မာန်တော်တည်ဆောက် သည့်အချိန်(သို့) ပရောဖက်ပြုသည့်ရက်သတ္တပတ်ပေါင်း ခုနှစ်ပတ်ကိုဆိုလိုခြင်းဖြစ်ပါသည်။ ဗိမ္မာန်တော်ကို ပြန်လည် တည်ဆောက်ရန် (၄၉)နှစ်တိတိကြာပါသည်။ သမ္မာကျမ်းစာလာသည့်အတိုင်း ကောင်းကင်တမန်ဆိုသည့်အတိုင်း ရက်သတ္တ ပတ်ပေါင်း ခုနှစ်ပတ်ကြာသည်ဟု ဆိုရာတွင် အတိအကျပင်(၄၉) နှစ်ကြာပါသည်။ ဘီစီ(၅၃၈)ခုနှစ် မတ်လ(၁၄)ရက်နေ့မှ စတင်၍ဗိမ္မာန်တော်ပြန်လည်တည်ဆောက်ပြီးသည်အထိ လမ်းများပြန်လည်ပြင်ဆင်မွမ်းမံပြီးသည်အထိ အတိအကျပင်(၄၉) နှစ်ကြာပါသည်။ ခုနှစ်ပတ်ဟုဆိုခြင်းမှာ (၄၉)နှစ်တိတိပင်ဖြစ်ပါသည်။ တစ်ပတ်ဟုဆိုလိုခြင်းမှာ ခုနှစ်နှစ်ပင်ဖြစ်ပါသည်။ ၇x၇-၄၉ပင်ဖြစ်ပါသည်။

40 ၄၀။ တစ်ပတ်သည်ခုနှစ်နှစ်ဖြစ်ကြောင်း ကျွန်တော်တို့သိရပြီဖြစ်ပါသည်။ တစ်ပတ်မှာ ခုနှစ်နှစ်နှင့်ညီမျှပါသည်။ တစ်ပတ်- ခုနှစ်နှစ်ဖြစ်ပါသည်။

ယခုကျွန်တော်တို့မှာ ပထမအပတ်အတွင်းရှိနေပါသည်။ ဗိမ္မာန်တော်တည်ဆောက်ရန် (၄၉) နှစ်ကြာပါသည်။ ဤထိပ်ဆုံးလိုင်းမှာ ယုဒနိုင်ငံကိုကိုယ်စားပြုပါသည်။ ယခုအချိန်မှာ အချိန်ရောက်ပြီဖြစ်၍ ဤနေရာသို့ရောက်လာသောအခါ ယုဒနိုင်ငံမှ တစ်ပါးအမျိုးသားအချိန်ကာလသို့ ရောက်လာပြီးဖြစ်၍ ဣသရေလကိုပြန်လည်၍ ရောက်လာပါသည်။ (လုကာ ၂၁း၂၄)

41 ၄၁။ တပါးအမျိုးသားများကို မည်သည့်အချိန်ကာလဟူ၍ ချမှတ်ထားခြင်းမရှိပါ 'တပါးအမျိုးသားများ၏ အချိန်ကာလ' ဟူ၍ သာဆိုနိုင်ပေမည်။ သခင်ယေရှုက သူတို့အားအချိန်သတ်မှတ်ပေးခြင်းမရှိပါ။ လုကာ ၂၁း၂၄ တွင် ကျွန်တော်တို့တွေ့ရသည်မှာ '....တပါးအမျိုးသားတို့သည် မိမိတို့အချိန်ကာလမပြည့်စုံမှီတိုင်အောင်ယေရုရှလင်မြို့ကိုခြေနှင့် နင်းကြလိမ့်မည်' ဟူ၍ဖြစ်သည်။ ကျွန်တော်သည် အလွတ်ရထားသည်ကို ပြန်လည်၍အညွှန်းပြလိုပါသည်။ လုကာ (၂၁)နှင့်(၂၄)ကို သေချာစွာလေ့လာကြည့်ပါ။ အရှင်းလင်းဆုံးကျွန်တော်သေချာစွာလေ့လာထားပါသည်။

သူတို့သည် ဒါးဘေးဖြင့်ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်။ အခြားသောပြည်အရပ်ရပ်သို့ လမ်းသွားကြလိမ့်မည်။ 'တပါး အမျိုးသားတို့သည် မိမိတို့အချိန်ကာလမပြည့်စုံမှီတိုင်အောင် ယေရုရှလင်မြို့ကိုခြေနှင့် နင်းကြလိမ့်မည်။'

42 ၄၂။ ချမှတ်ကန့်သတ်ထားသောအချိန်ရှိပါသည်။ သို့သော်လည်း ထိုအချိန်ကိုမည်သူကမှ မသိကြပါ။ နက်နဲသောအရာ ဖြစ်ပါသည်။ တပါးအမျိုးသားတို့၏ ကာလဖြစ်သည်။ အသင်းတော်သည် ဆုတ်ယုတ်မှုရှိမရှိ၊ သို့မဟုတ် အသက်ရှင်လျှက် ရှိနေဆဲသို့မဟုတ် ဘာလုပ်နေသည်တို့ကို သိရပါမည်။ ပြောပြ၍မရပါ။ သို့သော်လည်း ဂျူးများကိုကြည့်ပါ။ အချိန်နှင့်ပတ်သက် သည့် ပြက္ခဒိန်ရှိပါသည်။ ဘုရားသခင်က သူတို့အား အတိအကျပင်နေ့ရက်၊ နာရီနှင့်အချိန်ကန့်သတ်ထားပါသည်။ သို့သော် လည်း တပါးအမျိုးသားများအတွက်မဟုတ်ပါ။ ဂျူးများအတွက်သာဖြစ်ပါသည်။ ထို့ကြောင့် ဂျူးများကိုကြည့်ပါ။ သို့မှသာကျွန်ုပ်တို့ ဘယ်နေရာရောက်နေကြောင်း ကျွန်ုပ်တို့သိပါမည်။

ရက်သတ္တ(၇)ပတ်ဆိုသည်မှာ (၄၉)နှစ်ပင်ဖြစ်ပါသည်။ ရက်သတ္တတစ်ပတ်ဆိုသည်မှာ (၇)နှစ်ပင်ဖြစ်ပါသည်။ တစ်ပတ် သည် (၇)နှစ်ပင်ဖြစ်ပါသည်။ ဒံယေလ ၉း၂၅

43 ၄၃။ မြို့တော်ကိုပြန်လည်တည်ဆောက်ရန်အတွက် အမိန့်ချမှတ်သည့်အခါ မေရှိယမှာ(မေရှိယဆိုသည်မှာ ခရစ်တော်ပင် ဖြစ်ပါသည်။) ရက်သတ္တ(၇)ပတ်ရက်ပေါင်း (၃၀)နှင့်နှစ်ပတ်ကိုဆိုလိုခြင်းဖြစ်သည်။စုစုပေါင်း(၆၉)ပတ် ဖြစ်ပေသည်။

၆၉x၇ =၄၈၃ နှစ်ဖြစ်ပါသည်။ ရေးချပါ။ နောက်တစ်ခေါက်ပြန်ပြောရမည်ဆိုလျှင်လည်း ပြောပါမည်။ ဒံယေလ ၉း၂၅

မြို့တော်ကိုပြန်လည်တည်ဆောက်ရန်အတွက် ပညတ်ခြင်းကိုခံရပါသည်။ မေရှိယအတွက် (၇)ပတ်ဖြစ်၍ ရက်(၃၂၊ ၆၂)ဖြစ်၍ရက်(၃၂၊ ၆၂)ဖြစ်၍ ခုနှစ်မှာ(၆၉)ဖြစ်ပါသည်။(၆၉)ပတ်ဖြစ်ပါသည်။ ၆၉x၇=၄၈၄ နှစ်ဖြစ်သည်။ မေရှိယအချိန်ရောက် သည်အထိ ၄၈၄ နှစ်ရှိရမည်ဖြစ်သည်။ မဿဲ ၂၁း၅၊ မာကု ၁၁း၇-၁၁၊ လုကာ ၁၉း၃၅ ယောဟန် ၁၂း၁၂-၁၄။

44 ၄၄။ ယေရှုခရစ်တည်းဟူသောမေရှိယသည် ယေရုရှလင်မြို့ထဲသို့အောက်ပွဲခံလျှက် မြည်းဖြူးကလေးကိုစီး၍ Palm Sunday တွင်ဝင်ရောက်ခဲ့ပါသည်။ အေဒီ-၃၀-ခုနှစ်တွင်ယေရုရှလင်မြို့ထဲသို့ဝင်ခဲ့ပါသည်။ ဘီစီ-၄၄၅ မှ အေဒီ-၃၀ အထိလျှင် (၄၈၃)နှစ် ဖြစ်ပြီး (၈)နှစ်ကွာခြားမှုရှိပါသည်။

ရက်သတ္တ(၆၉)ပတ်မှာ (၄၈၃)နှစ်ဖြစ်ပါသည်။ ဒုက္ခဆင်းရဲအခက်အခဲများရောက်လာသည့်နေရာပင်ဖြစ်ပါသည်။ (၄၇၅) နှစ်မှာအတိအကျအားဖြင့်ဆိုလျှင်(၄၈၃)နှစ်ဖြစ်ပြီး (၈)နှစ်ကွာခြားမှုရှိပါသည်။

ဘုရားသခင်က ရက်ပေါင်းများစွာကြာမည်ဟုဆိုထားသည့်အတိုင်း ရက်ပေါင်းများစွာကြာပါသည်။ အလွန်များသည်ဟု ဆိုပါက အမှန်တစ်ကယ်ပင်များပြားပါသည်။ ဘီစီ(၄၇၅)မှအေဒီ(၃၀)အထိ ဂျူလီယန်သို့မဟုတ် နက္ခတ်ဆိုင်ရာနှစ်များပင် ဖြစ်ပါသည်။ တစ်နှစ်တွင်ရက်ပေါင်း ၃၆၅၁/၄ ရှိသည်။ သို့သော်လည်း ပရောဖက်ပြက္ခဒိန်နှင့် ရက်များကိုလျှော့ချလိုက်သောအခါ... ဗျာဒိတ်၁၁း၃

45 ၄၅။ သမ္မာကျမ်းစာတွင် ရက်သတ္တပတ်ဆိုသည်မှာ (၇)နှစ်ပင်ဖြစ်ပါသည်။ ဗျာဒိတ်ကျမ်းအခန်းကြီး(၁၃) သို့မဟုတ်အခန်းကြီး (၁၁) တတိယအပိုင်းကို ဖတ်ရှုလေ့လာကြည့်ပါ။ ပရောဖက်များက နှစ်ပေါင်း(၁၂၀၀) နှင့်ရက်(၃၀) ဟုပေရောဖက်ပြုကြပါသည်။ ဂျူးတို့အတွက် နောက်ဆုံးရက်သတ္တပတ်၏အလယ်တွင် ဖြစ်ပါသည်။ ၎င်းနောက်သူတို့သည် ဖြတ်တောက်ခြင်းခံရ၍ အာမေ ဂေဒုန်စစ်ပွဲစတင်ပါတော့သည်။ တစ်လတွင် ရက်ပေါင်း(၃၀)အတိအကျရှိပါသည်။(၃၁)ရက်၊ (၂၈)ရက်စသည်ဖြင့် မဟုတ်ပါ။ တစ်လတွင်ရက်ပေါင်း (၃၀) အတိအကျပင်ဖြစ်ပါသည်။ ဒံယေလ ၉း၂၅-၂၆

46 ၄၆။ ကျွန်ုပ်တို့၏ပရောဖက်ပြုချက် ပြက္ခဒိန်တွင်ရက်ပေါင်း(၃၆၀)ရှိပါသည်။အတိအကျပြောရမည်ဆိုလျှင်(၄၈၃) ဖြစ်သည်။ ပရောဖက်ပြုချက်ကို အတိအကျသက်သေ အထောက်အထားရှိပါသည်။ အတိအကျပင် သမ္မာတရားရှိသည်။ ဗိမာန်တော်ကို စတင်တည်ဆောက်သည့်အချိန်မှစ၍ ဖျက်ဆီးခြင်းခံရသည့်အထိဖြစ်ပါသည်။ သူတို့သည်အေဒီ(၃၃)ခုနှစ်တွင်ခရစ်တော်ကို ငြင်းပယ်၍ ကိုယ်တော်ရှင်အားသတ်လိုက်သည့်အခါ ခရစ်တော်အသတ်ခံရသည့်အခါ ခုနှစ်အတိအကျမှာ (၄၈၃)နှစ်ပင်ဖြစ်ပါသည်။ ယေရုရှလင်မြို့ကို ပြန်လည်တည်ဆောက်ရန် ရက်သတ္တ(၇)ပတ်ကြာပါသည်။ (၄၉)နှစ်ဟုအဓိပ္ပာယ်ရပါသည်။ (၄၉)နှစ်အတိအကျပင်ဖြစ်ပါသည်။ ဗိမာန်တော်ပြန်လည်တည်ဆောက်သည့်အချိန်မှစ၍ မေရှိယ၏ကာလအထိ (၄၈၃)နှစ်ရှိပါသည်။ (၄၃၄)နှစ်နှင့် (၄၃၄)ကြိမ်(၄၉)နှစ်နှင့် မြှောက်ပါက (၄၈၃) အတိအကျပင်ရရှိပါသည်။ တစ်နေ့ပြီးတစ်နေ့အတိအ ကျပင်ဖြစ်ပါသည်။ အာမင်။

မေရှိယတည်းဟူသော ခရစ်တော်မှာ တစ်ဖန်ပြန်လည်၍ကြွလာတော်မူမည်။ ၆၉x၇= ၄၈၃ နှစ်အတိအကျပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာက မှန်ကန်ကြောင်း သိရပါသည်။

47 ၄၇။ ဘုရားသခင်သည် Antediluvian လောကကြီးကို ရေလွှမ်းမိုးခြင်း အားဖြင့်ဖျက်ဆီးပစ်လိုက်ပြီး နက္ခတ်ဗေဒဆိုင်ရာ နေ့စွဲကို ပြောင်းလဲပစ်လိုက်ပါသည်။ ရောမများရောက်ရှိလာကြပြီး သူတို့၏ပြက္ခဒိန်ကိုပြုလုပ်လိုက်သည်။ ရောမပြက္ခဒိန်မှာ ရက်စွဲအမျိုးမျိုးရှိနေသည်။

စွယ်စုံကျမ်းထဲမှာပင် တွေ့ရပါသည်။

BrotherKenny Collion ယနေ့မနက်အိပ်ယာပေါ်တွင် ရှိပါသလား။ Kenneth Collins ရှိပါသလား။ ခင်ဗျား ကျွန်တော်ကို စွယ်စုံကျမ်းစာအုပ်များစွာပေးပို့သည်ကို သတိရပါသလား။ ကျွန်တော်ကဲ့သို့ စာမတတ် ပုဂ္ဂိုလ်တစ်ဦးက မည်သို့ လုပ်နိုင်ပါမည်နည်း။ ဘုရားသခင်သင့်အား ပို့ဆောင်နေပါသည်။ Kenny ကျွန်တော်သတင်းစကားကြားရသည့်နေရာမှာ အချိန် တည်းဟူသော စွယ်စုံကျမ်းအိုကြီးထဲမှပင်ဖြစ်ပါသည်။ ကျွန်တော်မှာ လေ့လာနေဆဲဖြစ်ပါသည်။ Becky ကသူမ၏ကျောင်းတွင် ၎င်းတို့ကိုအသုံးပြုပါသည်။ ကျွန်တော်ကလည်း ကျွန်တော်၏ အောက်ထပ်စာကြည့်ခန်းတွင်ထား၍ အသုံးပြုပါသည်။ ကျွန်တော် တို့ အောက်ဆင်းသွားသောအခါ စွယ်စုံကျမ်းများအားလုံးကို လေ့လာလိုက်သောအခါ အတိအကျပင်တွေ့ရလေ့ရှိပါသည်။ ပြက္ခဒိန်များအားလုံးနှင့် အချိန်များအားလုံးကို ဆွဲထားပါသည်။

အတိအကျပင် (၄၈၃)နှစ်ရှိ၍ပညတ်တော်များကိုပြန်လည်ပြီးစုစည်းပါသည်။မေရှိယကိုငြင်းပယ်သည့်အချိန်အထိပင် ဖြစ်သည်။ ပြက္ခဒိိန်အားဖြင့်(၄၈၃)နှစ်အတိအကျပင်ဖြစ်ပါသည်။

48 ၄၈။ ကျွန်တော်တို့မှာ အလားတူပြက္ခဒိန်ကိုသာ အသုံးပြုကြခြင်းဖြစ်ပါသည်။ အကြောင်းမှာ ဘုရားသခင်ကလည်း ဤနေရာ တွင်ပင် ဤပြက္ခဒိန်ကိုအသုံးပြုရမည်ဖြစ်ပါသည်။ ဘုရားသခင်သည်ပြောင်းလဲခြင်းမရှိပါ။ ရက်သတ္တ(၇)ပတ်မှာ (၄၉)နှစ်ဖြစ်ပါကရက်သတ္တ(၇)ပတ်မှာ (၄၉)နှစ်ဖြစ်ပါသည်။ ရက်သတ္တပတ်မှာ (၇)နှစ်ဖြစ်ပါသည်။ ထိုနေရာမှာ အတိအကျဖြစ်ပါက ထပ်မံ၍လည်း အတိအကျဖြစ်ပေလိမ့်ဦးမည်။ အာမင်။ ကျွန်တော်အလွန်ပင် နီးကြားမှုဖြစ်လာပါသည်။ ကျွန်တော်ဘာပြောနေသည်ကို ကျွန်တော်သိပါသည်။

ကင်တာကီတွင် လူတစ်ဦးကကျွန်တော်ကိုပြောသည့်အတိုင်းပြောပြလိုက်ပါသည်။ ‘သူတို့ဘာပြောနေသည်ကို သိသော သူတစ်ဦး ပြောဆိုနေသည့် အရာကိုကျွန်တော်ကြားလိုပါသည်။’ ကျွန်တော်ကလည်း ‘ကျွန်တော်ကြားလိုပါသည်။’ ဟုဆိုပါ သည်။ သူက ‘ခင်ဗျားတို့ကဲ့သို့ တရားဟောဆရာများ ပြောနေသည့်အရာပင်ဖြစ်ပါသည်။ သင်ဘာပြောနေသည်ကို သင်မသိပါ။’

ကျွန်တော်က ‘ခင်ဗျားဆိုလိုသည့်အရာကို ကျွန်တော်သဘောကျပါသည်။ ကျွန်တော်တို့ပြောနေသောအရာကို ကျွန်တော်တို့သိပါ သည်။’ ကျွန်တော်သည် ဒုတိယမွေးခြင်းခံပြီးကြောင်း ကျွန်တော်သိပါသည်။ သေခြင်းမှအသက်ရှင်ခြင်းသို့ ကျွန်တော်တို့ ကူးပြောင်းကြကြောင်း ကျွန်တော်သိပါသည်။ ကျွန်တော်သည် ဒုတိယမွေးခြင်းခံပြီးကြောင်း ကျွန်တော်သိပါသည်။ သေခြင်းမှအ သက်ရှင်ခြင်းသို့ ကျွန်တော်တို့ကူးပြောင်းကြကြော်း ကျွန်တော်သိပါသည်။ ဘုရားရှိကြောင်းလည်း သိပါသည်။ အကြောင်းမှာ ဘုရားရှင်နှင့်စကားပြောခဲ့ဘူးသောကြောင့် ဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် ကျွန်တော်အားဖြင့် စကားပြောခဲ့ပါသည်။ ကျွန်တော်ကိုလည်းစကားပြောပါသည်။ အခြားသောသူများနှင့်လည်းစကားပြောပါသည်။ အခြားသောသူများအကြောင်း ကိုလည်း ကျွန်တော်အားပြောပြပါသည်။ သူသည်ဘုရားဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ကိုယ်တော်ရှင်သည် ဆင်းသက်ကြွ လာတော်မူလောက်အောင် ကောင်းမြတ်တော်မူ၍ သူနှင့်အတူကျွန်ုပ်၏ပုံကိုရိုက်ကူးခွင့်ပေးပါသည်။ သိပ္ပံလောကကြီးကပင်လျှင် မငြင်းဆိုနိုင်ပါ။ ကျွန်တော်သည် ကျမ်းစာကိုကြည့်လိုက်သောအခါ ဤအသင်းတော်ကာလပြည့်စုံစေကြောင်း တွေ့ရပါသည်။ အဖြစ်အပျက်များမှာ အတိအကျပင်မှန်ကန်ပါသည်။ ကျွန်တော်တို့ ဤနေရာတွင်ရောက်နေကြောင်းသိရပါသည်။ အာမင်။

49 ၄၉။ ကျွန်တော်တို့မှာ ပညာတတ်ကြမည်မဟုတ်ပါ။ ကျွန်တော်တို့မှာ အဆင့်အတန်းမမြင့်ကြပါ။ ဂုဏ်သိက္ခာနှင့်မပြည့်စုံကြပါ။ သို့သော်လည်း ဘုရားကိုတော့သိကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ကိုယ်တော်ရှင်ကိုသိခွင့်ရပါသည်။ သမ္မာကျမ်း စာအားဖြင့်ႈ နှုတ်ကပတ်တော်စကားတစ်လုံးစီနှင့် နှိုင်းယှဉ်နိုင်ပါသည်။ မှန်ကန်ကြောင်းလည်း ကျွန်တော်တို့သိခွင့်ရပါသည်။ ကျွန်တော်တို့မှာ နောက်ဆုံးသောအချိန်ကာလတွင် အသက်ရှင်နေထိုင်ကြပါသည်။

ပရောဖက်နှစ်ရက်ပေါင်း (၃၆၀)သည်တစ်နှစ်အတွင်းရှိသည်ကိုသတိရပါ။ အရာခပ်သိမ်းကို ကြည့်ရှုလေ့လာပါ။ သင်တို့တွင် အချို့သောသူများနားလည်နိုင်သကဲ့သို့ အမျိုးသမီးများပင်နားလည်နိုင်သည့်အနေအထားဖြစ်သည်။ ရက်ပေါင်း(၃၀) ဖြစ်ပါသည်။ သဘာဝကျကျထိုသို့ဖြစ်ပါသည်။ပရောဖက်ပြက္ခဒိန်အရရက်ပေါင်း(၄၈၃)ရက် အတိအကျပင်ဖြစ်ပါသည်။

ပရောဖက်ပြုခြင်း၏ သက်သေအဖြစ်(၄၄၅)နှစ်မှာအတိအကျပင်မှန်ကန်မှုရှိပါသည်။ရက်သတ္တပတ်ပေါင်း(၇၀)အတွင်း ကြိုတင်ပရောဖက်ပြုချက်မှာ ထိုစဉ်အခါက မဖြစ်ပျက်သေးပါ။ ထို့ကြောင့်နောက်ဆုံးသောရက်များအတွက် ကျန်နေပါသည်။

50 ၅၀။ ပင်တေကုတ္တေညီအစ်ကိုများ ယေဟောဝါသက်သေခံညီအစ်ကိုများ သိကြပါရဲ့လား။ (၁၄၄၀၀၀) မည်သည့်နေရာမှ ပေါ်ထွက်လာကြောင်းသိပါသလား။ဗျာဒိတ်ဖော်ပြချက်၏ကြီးမားသောအံ့သြဘွယ်ရာများမည်သည့်နေရာမှ ပေါ်ထွက်လာကြောင်းသိပါသလား။ ယုဒခေတ်ကာလက ဖြစ်ပါသည်။ ကျွန်တော်တို့၏ခေတ်ကာလတွင် မဟုတ်ပါ။ ၎င်းအထဲတွင် ဘာမှမှတ် တမ်းတင် ထားခြင်းမရှိပါ။ အသင်းတော်သာလျှင် အဆင်သင့်ဖြစ်၍ ထွက်ခွာသွားခြင်းဖြစ်ပါသည်။ ဘုရားသခင်၏တန်ခိုးတော် အားဖြင့် ကျွန်တော်တို့မှာ အံ့ဘွယ်ရာများပြုလုပ်ပြီး ခေါင်းပုံဖြတ်ကြပါသည်။ ကျွန်တော်တို့သိကြရပါသည်။ သို့သော်လည်း စစ်မှန် သောအရာမှာ ယုဒများအတွက် စစ်မှန်သောအလုပ်လုပ်ခြင်း တန်ခိုးနှင့်ပိုင်ဆိုင်ခြင်းအတွက် ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။ =

(၁၄၄၀၀၀)ပေါ်ထွက်လာခြင်းမရှိပါ။ ၎င်းတို့သည် တတိယမြောက်အခန်းကြီးတွင်ပေါ်ထွက်လာခြင်းမဟုတ်ဘဲ ကျမ်းချက် ထဲတွင်ပေါ်ထွက်လာခြင်းပင်ဖြစ်ပါသည်။ သီတင်း (၇၀)ဖြစ်သောနောက်ဆုံးအပတ်တွင်ဖြစ်ပေါ်လာမည့်အရာများဖြစ်ကြောင်း ကျွန်တော်တို့သိကြရပါသည်။ ၎င်းတို့သည် ရက်သတ္တ(၆၉)ပတ်ရှိပါက ဘုရားသခင်ဖော်ပြသည့်အတိုင်း အတိအကျအသက်ရှင် ပါက ဘုရားသခင်ဖော်ပြထားသည့်အတိုင်းပင်ဖြစ်ပါသည်။ ယုဒများအတွက် နောက်ထပ်တစ်ပတ်ထပ်မံ၍ ဂတိပေးခြင်းခံရ ပါသည်။

ညီအစ်ကိုများအဆင်သင့်ဖြစ်ကြပါ။ နောက်ဆုံးရက်သတ္တပတ်ပင်ဖြစ်သည်။ (၇)နှစ်မြောက်နှင့် ကျွန်တော်တို့မည်မျှ နီးကပ်နေပါသနည်း။

51 ၅၁။ ယခုအခါ လူတိုင်းဤအရာကိုနားလည်ပါသလား။ လူတိုင်းဤအထိနားလည်မှုရှိပါသည်။ သမ္မာတရားပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာအုပ်ဖြစ်၍ ပရောဖက်ပြုသောနှစ်များပင်ဖြစ်သည်။

မေရှိယကိုငြင်းပယ်ခြင်းနှင့်ပတ်သက်သည့်အကြောင်းအရာကို ကျွန်တော်တို့ရင်ဆိုင်ရပါသည်။ မေရှိယကိုငြင်းပယ်ခြင်း ဖြစ်၍ နောက်ဆုံးရက်သတ္တပတ်အထိကြာရှည်ခံမည်ဖြစ်ပါသည်။ ဒံယေလ ၉း၂၆

ယခုဤနေရာတွင် ခေတ္တခဏရပ်နားပြီး ဤကိစ္စကို ရှင်းလင်းတင်ပြလိုပါသည်။ ၎င်းတို့သည် မေရှိယကိုငြင်းပယ်၍ သခင်ယေရှုကို ကယ်တင်ပိုင်ရှင်အရှင်သခင်အဖြစ်ငြင်းပယ်၍ ကိုယ်တော်ရှင်ကို ကားတိုင်ပေါ်တွင်တင်၍ သတ်ဖြတ်ပစ်ခဲ့ပါသည်။ သမ္မာကျမ်းစာ က ဘာကိုပြောနေကြောင်း သင်တို့မှတ်မိနေမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်အားဖြတ်တောက်ပစ်မည်။ မိမိအတွက်မဟုတ်ဘဲ မေရှိယတည်းဟူသော ကိုယ်တော်ရှင်အတွက် ဖြစ်ပါသည်။ ထိုပရောဖက်ပြုချက်မှာ မည်မျှထိရောက်မှု ရှိကြောင်း စဉ်းစား ဆင်ခြင်ကြည့်ပါ။ သင့်အထဲသို့ ဤအရာထိုးဖောက်ဝင် ရောက်သွားရန်အတွက် ကျွန်တော်အလိုရှိပါသည်။ ထိုပရော ဖက်ပြုချက်မှာနေ့ရက်ကာလကို အတိအကျထိမှန်လာပါက အချိန်ကိုအတိအကျ ထိခိုက်လာပါကဖြစ်ပျက်မည်ဟု အတိအကျပြုလုပ်ထားသော နည်းလမ်းအတိုင်းဖြစ်ပါက ရက်သတ္တပတ်(၇)ပတ်ကျန်ပါသည်။ (၇)နှစ်ဖြစ်ပါသည်။ (၇)ရက်မဟုတ် ပါ။ ကျမ်းစာနှင့်ပတ်သက်၍ အတိအကျထိရောက်မှန်ကန်မည့်အချိန်ပင်ဖြစ်ပါသည်။

52 ၅၂။ မေရှိယမှာ ဖြတ်တောက်ခြင်းခံရပေမည်။ ဂျူးများဖြစ်သည်။ ဘုရားသခင်က သူတို့နှင့်ပတ်သက်ရန်အတွက် တဖြည်းဖြည်းရပ်ဆိုင်းသွားမည်ဖြစ်ပါသည်။

သူတို့သည် ရောမအင်ပါယာအားဖြင့် အားလုံးတကွဲတပြားဖြစ်သွားရပါသည်။ ကျွန်တော်ဆွဲထားသောဇယားအတိုင်း လိုက်၍ဆွဲစေလိုပါသည်။ ဤနေရာတွင်လက်ဝါးကပ်တိုင်ဆွဲထားပါသည်။ ထိုနေရာတွင် သူတို့မှာငြင်းပယ်ခြင်းခံရခြင်းဖြစ်ပါ သည်။ သို့သော်လည်း အချိန်မှာအနည်းငယ်ချဲ့ထွင်ခြင်း ခံရပါသည်။ (၃၀၊ ၄၀၊ ၅၀၊ ၆၀၊ ၇၀)ဖြစ်ပါသည်။နှစ်ပေါင်း(၄၀)ကြာ သောအခါ တိတုတည်းဟူသော ရောမဗိုလ်ချုပ်ကြီးမှာ ဣသရေလနိုင်ငံကို ဖျက်ဆီးခဲ့သည်။ ယေရုရှလင်မြို့ကိုဖျက်ဆီး၍ လူတိုင်းမှာ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားရပါတော့သည်။ မသဲ ၂၇း၂၅

ဘုရားသခင်သည် ဂျူးလူမျိုးများနှင့် လုပ်ကိုင်ဆောင်ရွက်နေခြင်း မဟုတ်ပါ။ သူတို့ခရစ်တော်ကိုငြင်းပယ်သည့် အချိန်တိုင်အောင် ကိုယ်တော်ရှင်က ပြုလုပ်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ခရစ်တော်ကိုကားတိုင်ပေါ်တွင် တင်၍သတ်ဖြတ်သောအခါ သူတို့က ငိုယိုအော်ဟစ်ကြပါသည်။ 'ဤအသွေးတော်သည် ကျွန်တော်တို့၏ သားသမီးများအပေါ်သို့ သက်ရောက်ပါစေ။' ထိုအချိန်မှစ၍ ဖြစ်ပေါ်လာပါတော့သည်။ သူတို့သည် ကမ္ဘာအရပ်ရပ်သို့ပျံ့နှံ့မသွားမီ ဘုရားသခင်သည်ဗိမာန်တော်ကို ဖြိုဖျက်ရန်အတွက် နှစ်ပေါင်း(၄၀)ကြာပါသည်။ကမ္ဘာအရပ်ရပ်သို့ပျံ့နှံ့၍သွားရပါသည်။သို့သော်လည်း ဘုရားသခင်ကသူတို့နှင့် အမှုပြုပါတော့ သည်။ ထိုအချိန်မှစ၍ တပါးအမျိုးသားများ၏ ခေတ်ကာလ စတင်ပါတော့သည်။ တမန် ၁၅း၁၄

53 ၅၃။ ဘုရားသခင်သည် ဂျူးများနှင့်ပတ်သက်၍ မည်သည့်လုပ်ကိုင်ဆောင်ရွက်မှုကိုမှ မလုပ်ဆောင်ပါ။ အကြောင်းမှာ ဣသရေလ တနိုင်ငံလုံးကို နိုင်ငံလုံးဆိုင်ရာအဖြစ်နှင့်သာ ဘုရားသခင်က လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်သည်။ ကျွန်တော်တို့အား လုံးကို ကိစ္စကိုသိကြပါသည်။ အဲဂုတ္တုတ်နိုင်ငံတနိုင်ငံဖြစ်ပါသည်။ တပါးအမျိုးသားများမှာလူများစုဖြစ်ပါသည်။ သူ၏နာမတော် အတွက် ကိုယ်တော်ရှင်သည် တပါးအမျိုးသားများထဲမှ လူများကိုရွေးချယ်ရပါသည်။

ဤအသင်းတော်ကာလ(၇)ခုတွင် တပါးအမျိုးသားများ၏ ခေတ်ကာလကို ကျော်လွန်သွားရပါသည်။ ခရစ်တော်ကို ကားတိုင်ပေါ် တွင်တင်၍ သတ်လိုက်သော အချိန်မှစ၍ ယခုအသင်းတော်ကာလကုန်ဆုံးသည်အထိဖြစ်ပါသည်။ တံဆိပ်(၇)ချက်နှင့်ပတ်သက်၍ ကျွန်တော်တို့မှာ လေ့လာလျှက်ရှိပါသည်။ တံဆိပ်(၇)ခု၊ တံပိုး(၇)ခုနှင့် ဂျူးများနှင့် ပတ်သက်သည့် ကိစ္စကိုသာဆောင်ရွက် လျှက်ရှိပါသည်။ လူအများစုကို ဘုရားသခင်က တရားစီရင်သည့် ကိစ္စနှင့်လည်းပတ်သက်ပါသည်။

54 ၅၄။ ဤကဲ့သို့ ဒုက္ခဆ င်းရဲခြင်းကာလကြီးအတွင်း တပါးအမျိုးသားများစွာတို့သေဆုံးမည် ဖြစ်ပါသည်။ ထိုငြင်းပယ်ခြင်းခံသော သတို့သမီး၊ ထိုအမျိုးသမီး၏ကြွင်းသောမျိုးစေ့၊ အိပ်ပျော်နေသောသတို့သမီး၊ သည်ပါသွားပါသည်။ သီတင်း(၇၀)ကဲ့သို့ရှင်းလင်း လုပါသည်။ သူတို့သည် ထိုကာလကိုကျော်ဖြတ်သွားရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်မရှိပါက လျှင်မြန်နိုင်သလောက် လျှင်မြန်အောင် သင်ကပြုမူဆောင်ရွက်ရပါမည်။ ကျွန်တော်တို့မှာ နောက်ဆုံးသောအချိန်ကာလသို့ ရောက်နေပြီဖြစ်သည်။ အသင်းတော်ကာလ(၇)ကာလကို သတိပြုကြည့်ရှုပါ။ ၎င်းတို့ကိုပြန်လည်၍ လေ့လာရန်မလိုတော့ပါ။ အကြောင်းမှာ တိပ် ခွေဖြင့်ဖမ်းထားပြီဖြစ်ပါသည်။ စာအုပ်များဖြင့်လည်း ရေးသားထားပြီးဖြစ်သည်။ ဘုရားသခင်က ရက်ပေါင်းများစွာကြာမည်။ အချိန်နာရီပေါင်းများစွာကြာမည်။ သို့မဟုတ်နှစ်ပေါင်းများစွာကြာမည်ဟု ဆိုထားခြင်းမရှိပါ။ ဘုရားသခင်ဘာမှမပြောပါ။ 'တပါး အမျိုးသားများကာလကုန်ဆုံးသည့်အထိ' ဟုသာဘုရားရှင်ကပြောထားပါသည်။ နံရံများဖြိုချခြင်းခံရမည်။ တပါးအမျိုးသားများ နှင့် ဘုရားသခင်အမှုပြုခြင်းကာလ ပြီးဆုံးသည်အထိဖြစ်ပါသည်။

55 ၅၅။ ဤခေတ်ကာလတလျှောက် သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သည်ကို ကျွန်တော်တို့တွေ့ရပါသည်။ ၎င်းနောက ဘုရားသခင်က အစအဦးတွင် သူတို့အားစတင်၍ ခရစ်တော်ကိုငြင်းပယ်သည့်အချိန်တွင် စကားပြောပါသည်။ တပါးအမျိုး သားများ အုပ်စိုးစဉ်ကာလ၌ ဘာဖြစ်မည်ကို ဘုရားသခင်က ယောဟန်ကို အတိအကျဖော်ပြပါသည်။ ဂျူးများကဲ့သို့ပင် သင်တို့လည်းအချိန် ကန့်သတ်ထားခြင်းမရှိပါ။

သို့သော်လည်း ကျွန်တော်တို့မှာ နိမိတ်လက္ခဏာရှိပါသည်။ နိမိတ်လက္ခဏာ မှတ်တိုင်ပင်ရှိပါသည်။ ဘုရားသခင်က ဂျူးများနှင့်သူပြောသည့်အတိုင်း အတိအကျပင်အမှုပြုပါသည်။ သူတို့ထဲ၌ နှစ်ပေါင်း(၆၉) ပတ်ပင်ဖြစ်ပါသည်။ ရက်သတ္တပတ်ခန့်မျှသာ ကြာပါသည်။

ယခုတွင် ဤနေရာမှာကျွန်တော်တို့လက်တွေကျင့်သုံး၍မရပါ။ အကြောင်းမှာ တပါးအမျိုးသားဖြစ်ပါသည်။ အသင်းတော် ဖြစ်ပါသည်။ ဗျာဒိတ်ကျမ်းအခန်းကြီး (၁)မှ (၃)အထိ လောဒိကိအသင်းတော်သို့ ပို့ဆောင်တော်မူပါသည်။ ကျွန်တော်တို့ တွေ့မြင်ရသောအကြောင်းအရာမှာ အသင်းတော်နှင့်ပတ်သက်သည့်အကြောင်း အရာအလုံးစုံပင်ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိကယ်တင်ခြင်းရစေရန်အတွက်အပြစ်သားကို ဘယ်သောအခါမှ ထည့်သွင်းခြင်းမပြုလုပ်ပါ။ သို့သော်လည်း အသင်းတော် လောကကြီးမှာ ဖြူစင်ပါသည်။ နိကောလတပည့်များ ရောက်လာ၍အဖွဲ့အစည်းဖွဲ့စည်းပါသည်။ ဂုဏ်သိက္ခာရှိသူများက ထိုအထဲ သို့ရောက်သွားပါသည်။ နိစိန်ကောက်စီပြုလုပ်သည့်ရောမမြို့တွင် ဖြစ်ပျက်ခဲ့ခြင်းဖြစ်ပါသည်။ သူတို့သည်အသင်းတော်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၎င်းနောက် ခရစ်ယာန်များကိုနှိပ်စက်ညှင်းပမ်းရန် ဖြစ်လာပါသည်။ နောက်အသင်းတော်ကာလ တစ်ခုတွင် သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံသော ခရစ်ယာန်ဘာသာရေးအစဉ်အလာမှာ ပျောက်ကွယ်သွားရပါသည်။

56 ၅၆။ သမိုင်းကြောင်းကိုပြန်လည်၍ လေ့လာသောအခါ 'နိစိန်ဖခင်ကြီးများ၊ နိစိန်မတိုင်မီ ဖခင်ကြီး' အကြောင်းသိရပါသည်။ အသင်းတော်သမိုင်းများပင် ဖြစ်ပါသည်။ အသင်းတော်ဆိုသည်မှာ ကတ်သလစ်အသင်းတော်အဖွဲ့အစည်းကိုဆိုလိုခြင်း မဟုတ်ဘဲ စစ်မှန်သောအသင်းတော်ကိုသာဦးတည်ပါသည်။ ဘုရားသခင်ကသန့်ရှင်းသော ဝိညာဉ်တော်ဗတ္တိဇံကို ယေရှုနာမ၌ ခံယူရန် ဟောပြောပို့ချ၍ဘုရားသခင်၏ဝိညာဉ်တော် ပြန်လည်ကြွလာတော်မူရန်၊ အခြားသောဘာသာစကားပြောခြင်း၊ အနက် ဖွင့်ဆိုခြင်းများကို ဟောပြောပို့ချပါသည်။ အနာရောဂါငြိမ်းစေခြင်း၊ အံ့သြဘွယ် နိမိတ်လက္ခဏာများနှင့် နိမိတ်အမျိုးမျိုးကို ပြသနိုင်ခြင်းကိုဆိုလိုသည်။ ဘုရားသခင် ခွဲခန့်မှတ်သားတော်မူခြင်းပင်ဖြစ်ပါသည်။ သူကသူ၏စိတ်နှလုံးကိုမပြောင်းလဲစေလိုပါ။ 'အသင်းတော်နှင့်ပတ်သက်သော ကိုယ်တော်ရှင်၏အကြံအစည်ပင်ဖြစ်သည်။ တမန်တော်တို့၏ခေတ်ကာလ အသင်းတော်ပင် ဖြစ်ပါသည်။' ကျွန်တော်၏အတွေးအခေါ်မှာ ဂုဏ်သိက္ခာရှိသော အသင်းတော်ပင်ဖြစ်ပါသည်။ 'ဘုရားသခင်သည် ပြောင်းလဲခြင်း မရှိပါ။ သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်ပါသည်။'

ဘုရားသခင်၏ သဘောသဘာဝကို ကျွန်တော်တို့တွေ့ရ၍ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်မြတ်ကို ထုတ်ယူလိုက် သောအခါ သမိုင်းကြောင်းကိုတွေ့ရပါသည်။ အတိအကျပင်မှန်ကန်ကြောင်း သိရပါသည်။ အတိအကျပင်နေ့ရက်၊ အချိန်နာရီမှန် ကန်ပါသည်။ ယောဟန်အားဖြင့် ဘုရားသခင်ဖော်ပြသောအရာအားလုံးဖြစ်ပျက်ခဲ့ပါသည်။ တပါးအမျိုးသားခေတ်ကာလတွင် ဖြစ် ပျက်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ဗျာဒိတ် ၁း၄-၁၆

57 ၅၇။ လောဒိကိ အသင်းတော်ကာလတွင် ကျွန်တော်တို့ကိုယ်ကို ကျွန်တော်တို့ သေခြင်း၏ အရိပ်လွှမ်းမိုးသောချိုင့်ထဲသို့ လျှောက်သွားရသည်ကို တွေ့ရပါသည်။ လူသာ၏ခေတ်ကာလ၊ ဝက်စလီ၏ ခေတ်ကာလတို့ကို ဖြတ်ကျော်ခဲ့ရပြီး ယခုအခါတွင် လောဒိကိအသင်းတော်ကာလ၊ ထဲသို့ ရောက်နေပါပြီ။ ထိုအသင်းတော်ကာလတစ်ခုစီတွင် သတင်းစကားပို့ဆောင်သူတစ်ဦးစီရှိ နေပါသည်။ သူ၏လက်ထဲတွင် ကြယ်ခုနှစ်လုံးကို တွေ့ရသည်။ ဝိညာဉ်(၇)ပါး ဖြစ်ပါသည်။ တစ်ဦးစီတွင် သတင်းပို့ဆောင်သူတစ် ဦးရှိပါသည်။

ထိုသီတင်းစကားပိုဆောင်သူသည် မည်သို့သောသူဖြစ်ကြောင်းကိုလည်း သိရပါသည်။ ထိုသို့သောသဘာဝမျိုးရှိသော သူကို ကျွန်တော်တို့က သမိုင်းတွင် ရွေးချယ်လိုက်ပါသည်။ ထိုသို့သောသူမျိုးကိုသမိုင်းတွင် တွေ့ရပါက ထိုအသင်းတော် ကာလအတွက် သတင်းစကားပို့ဆောင်သူအဖြစ် ကျွန်တော်တွေ့ရပါသည်။ ထိုဝိညာဉ်သည် မည်သို့သော ဝိညာဉ်ဖြစ်ကြောင်းနှင့် ထိုသူမည်သို့ပြုမူဆောင်ရွက်ကြောင်းတွေ့ရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသော သူတော်စင်ဖြစ်ကြောင်းသိရပါ သည်။ St.lrenaeus နှင့် St.columbus စသောပုဂ္ဂိုလ်များဖြစ်ပါသည်။ ကျမ်းစာအားဖြင့် သိရသောအကြောင်းအရာမှာ ထိုကဲ့သို့ သောဝိညာဉ်မျိုးမှာ ထိုတစ်ချိန်ထဲမှာပင် ထိုသို့သောပုဂ္ဂိုလ်မျိုးများ အပေါ်သို့သာ ကျရောက်ပါသည်။ မမှားနိုင်ပါ။ အာမင်။ ဘုရား ရှင်ဘုန်းထင်ရှားပါစေသော်။ ( ဗျာဒိတ် ၂း ၁၈၊ ၃း၁-၁၄)

58 ၅၈။ ကျွန်တော်မသိပါ။ ညီအစ်ကိုများ ကျွန်တော်သိသောအရာများထက်ပို၍ ကျွန်တော်ကို ထိရောက်မှုရှိစေပါသည်။ အ ကြောင်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုယ်တိုင်က ပြောဆိုနေခြင်းကြောင့်ဖြစ်ပါသည်။ ဘုရားသခင်တစ်စုံတစ်ခုကိုပြော ဆိုနေကြောင်း ကျွန်တော်ကြားသိရပါက ကျွန်တော် ' အာမင် ' ဟုဆိုပါသည်။ မှန်ပါသည်။ ထိုကိစ္စကိုဖြေရှင်းပေးခြင်း ပင်ဖြစ်ပါသည်။ အားလုံးပြီးဆုံးသွားပါပြီ။ ဘုရားသခင်ကပြောဆိုခြင်းပင်ဖြစ်သည်။ ဘုရားသခင်ကထိုနည်းအားဖြင့် ဖြစ်ပျက်မည် ဟု ဆိုထားပါသည်။ သမိုင်းကြောင်းအားဖြင့် သိရှိရခြင်းဖြစ်ပြီး သမ္မာကျမ်းစာအား ဖြင့် ဖြစ်ပါသည်။ ဤအသင်းတော်ခေတ်ကာလ အကြောင်း ကျွန်တော်တို့ ဖတ်ရပါသည်။ ဘာလုပ်မည်၊ လာဖြစ်လာမည်၊အသင်းတော်ခေတ်ကာလအတွက်မည်သို့သော သတင်းစကားပိုဆောင်သူဖြစ်ကြောင်းစသည်တို့ကို သိရှိရပါမည်။ ' လောဒိကိအသင်းတော်၏ တမန်တော်သို့၊ သောဒိမြို့ရှိအ သင်းတော်၏ တမန်တော်သို့၊ တွာတိရမြို့ရှိအသင်းတော်၏ တမန်တော်သို့' ဟူ၍ကွာခြားချက်များအားလုံးကိုဖော်ပြထားပါသည်။ ကျွန်တော်တို့သည် သမိုင်းကြောင်းကို ပြန်သွား၍ အသင်းတော်၏သတင်းစကားပို့ ဆောင်သူကိုရှာရပါမည်။ မည်သူမည်ဝါဖြစ် သည်ကိုလည်း ရှာဖွေဖော်ထုတ်ရပါမည်။ ထို့နောက် ကျွန်တော်တို့ရွေးချယ်၍ သူတို့၏ အမည်များကို အောက်တွင်ရေးချထားရ ပါမည်။(ဗျာဒိတ် ၂း၁၅)

59 ၅၉။ ဘုရားသခင်သည်အမြဲတမ်းရှိခဲ့ကြောင်း ကျွန်တော်တို့သိရပါသည်။ ဖွဲ့စည်းတည်ထောင်ပြီး ဘာသာရေးနှင့် အမြဲဆန့် ကျင့်လျှက် ရှိပါသည်။ ' နိကောလအယူဝါဒမှာ ကျွန်တော်မုန်းသောအရာပါဖြစ်သည်ဟု ' ကိုယ်တော်ရှင်ကပြောပါသည်။ NICO နီကို၏ အဓိပ္ပါယ်မှာ အသင်းတော်များကိုအနိုင်ယူပါဟု ဆိုလိုသည်။ အသင်းသားများဆိုသည်မှာ အသင်းတော်တည်းဟူသော ကိုယ် န္တာပင်ဖြစ်ပါသည်။ နီကို၏အဓိပ္ပါယ်မှာ အောင်မြင်စေရန်ကျော်လွှားသွားစေရန်ပြုလုပ်ခြင်း တစ်ဦးထက်တစ်ဦး ပို၍မြင့်မြတ်စေ သည်ဟု ဆိုလိုပါသည်။

ကျွန်တော်တို့အားလုံးမှာ ကလေးများဖြစ်ကြပါသည်။ ကျွန်တော်တို့မှာ ဘုရင်တစ်ပါးသာ ရှိပါသည်။ ထိုသူမှာ ဘုရားပင်ဖြစ်သည်။ အာမင်။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အလယ်တွင် ရှိတော်မူသည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ပုံ သဏ္ဍာန်တော်နှင့် ရှိတော်မူ၍ သန့်ရှင်းတော်မူသည်။

ယုဒလူမျိုးများ၏ ခေတ်ကာလဖြစ်သည့် သတင်းခြောက်ဆယ့်ကိုးပတ်ရောက်သည့်အထိ ကျွန်တော်တို့ရောက်လာပါသည်။ သမိုင်းကြောင်းအားဖြင့်သော်၎င်း၊ ပြက္ခဒိန်အားဖြင့်သော်၎င်း၊ ဘုရားသခင်၏ ပရောဖက်ပြုသည့်နှစ်အားဖြင့်သော်၎င်း၊ ပရောဖက်ပြုခြင်းပြက္ခဒိန်ကို ဓမ္မဟောင်းမှစတင်၍ ဓမ္မသစ်ကာလအထိအတိအကျဖော်ပြထားခြင်းဖြစ်ပါသည်။ ယခုအခါတွင် တစ်ပါးအမျိုးသားအသင်းတော်ကာလမှ စတင်၍ နောက်ဆုံးသောနေ့ရက်အထိ ကျွန်တော်တို့တွင်ရှိပါသည်။ ကျွန်တော်တို့ အသက်ရှင် နေထိုင်မှာ နောက်ဆုံးသောနေ့ရက်ကာလများတွင်ဖြစ်ပါသည်။ အာမင်။ ခင်ဗျားတို့ နားလည်ကြပါသလား။

ဤနောက်ဆုံးသောနေ့ရက်များတွင် ကျွန်တော်တို့ အသက်ရှင်နေထိုင်ကြပါက ဤခေတ်ကာလ၏ နောက်ဆုံးအပိုင်းတွင်အသက်ရှင်နေထိုင်ပါက ကျွန်တော်တို့ ဘယ်နေရာတွင် ရောက်နေပါသနည်း။

60 ၆၀။ ဘုရားသခင်က ဂျူးများကိုမည်သည့်နေရာတွင် ကိုင်တွယ်နေကြောင်း သင်တွေ့မြင်ရမည်ဖြစ်ပါသည်။ ဂျူးများနှင့်လုံး၀ မကိုင်တွယ်ဘဲ နေသည်ကိုလည်း ရှိကောင်းရှိပေမည်။ ၎င်းတို့ကို ရရှိနိုင်စေရန် ကိုယ်တော်အတွက် အချိန်များစွာအကုန်ခံရပါ သည်။ နှစ်ပေါင်း(၄၀) ကြာပါသည်။တစ်ပါးအမျိုးသားများ၏အချိန်ကာလအတိုင်းသူသည် နှုတ်ကပတ်တော် ပြည့်စုံစေရန် အတွက် အခြေအနေမျိုးကို ဖန်တည်းရပါမည်။ ကျွန်တော်ဘာကို ဆိုလိုကြောင်းသတိပြု၍ ကြည့်ပါ။ သတိပြုမိပါသလား။ အားလုံးနားလည်ပါက အာမင်ဟုဆိုပါ။ ခင်ဗျားတို့နားလည်မှုရှိမရှိ သေချာစေလိုပါသည်။

ဘာဖြစ်ပါသနည်း။ နောက်ဆုံးသော အသင်းတော် ကာလ၏ထိပ်ဖျားပိုင်းကိုကြည့်ပါ။ ဤအနည်းငယ်သော ချဲ့ထွင်မှုကလေးကို ကြည့်ပါ။ တစ်ပါးအမျိုးသားများ၏ ခေတ်ကာလကုန်ဆုံးပြီဖြစ်ပါသည်။ နောက်ဆုံးသော နှစ်ပေါင်း(၄၀)တွင်ဂျူးများသည် ယေရုရှလင်မြို့သို့ ပြန်လာကြပြီးဖြစ်ပါသည်။ မိမိတို့၏ မွေးရပ်မြေသို့ပြန်သွားကြပါသည်။ ကျွန်တော်တို့ ဘယ်နေရာ ရောက်နေကြောင်း ကြည့်ကြပါ။ သတိပြုမိပါသလား။ နှစ်ပေါင်း (၄၀) ကြာမေရှိယနှင့် ဖြတ်တောက်ခံရ၍ တိတုကဗိမာန်တော်ကို ဖျက်ဆီးပစ်လိုက်ပြီး ဂျူးလူမျိုးများကို တကွဲတပြားဖြစ်စေပါသည်။ နောက်ထပ် နှစ်ပေါင်း (၄၀) ကြာပြီးနောက်ဘုရားသခင်က ဖာရောဘုရင်၏ နှလုံးသားအားလုံးကို မာကြောစေသည်။ ဂျူးများကိုလည်း မိမိတို့၏မွေးရပ်မြေသို့ ပြန်၍မောင်းထုတ်လိုက် ပါသည်။ သို့သော်လည်း ယနေ့သူတို့မှာ သူတို့၏ မွေးရပ်မြေသို့ တစ်ဖန်ပြန်လည်၍ ရောက်လာညပြီဖြစ်သည်။ အသင်းတော်မှာ နောက်ဆုံးအခြေအနေသို့ရောက်နေပေပြီ။ ကျွန်တော်မှာ ဖတ်ရှုလေ့လာရန်ကြိုးစားလျှက်ရှိပါသည်။ ကျွန်တော် မတတ်နိုင်ပါ။

61 ၆၁။ သတိပြု၍ လေ့လာပါ။ ဂျူးများမှာ သူတို့၏ မွေးရပ်မြေတွင် ပြန်လည်ရောက်ရှိနေကြပြီဖြစ်၍ တဖန်ပြန်၍ သွားဦးမည် ဖြစ်သည်။ ' ကမ္ဘာ့စစ်ကြီးပြီးဆုံးခြင်း ' အတွဲ(၂) စာအုပ်ကို သင်ဖတ်ကြည့်ပါက ဤနံရံထိ အယ်ကင်ဘီသည် ပထမ ကမ္ဘာစစ်ကြီး အပြီးတွင် ယေရုရှလင်မြို့သို့သွား၍ သိမ်းပိုက်ခဲ့ပါသည်။ ထိုခရစ်ယာန်များမှာလည်း ယေရုရှလင်မြို့သို့ချီတက်သွားပြီး မိမိတို့၏ ဦးထုတ်ကို ချွတ်လိုက်ပါသည်။ Allenby ကလည်း သေနတ်တစ်ချက်မှ ပစ်ဖောက်ခြင်းမရှိဘဲ လက်နက်ချ အညံ့ခံလိုက်ပါသည်။ တူရကီများဖြစ်သော Allenby ကို ၎င်းတို့က လက်နက်ချကြပါသည်။ ထိုအချိန်မှစ၍ ဘုရားသခင်က မူဆိုလီနီ၏စိတ်နှလုံးကို မာကြောစေသည်။ ဟစ်တလာ၊ စတာလင် နှင့်တကွ တကမ္ဘာလုံးရှိလူများ၏နှလုံးသားများကို မာကြောစေပြီး ဂျူးများကိုမုန်းတီး စေပါသည်။ (ဗျာဒိတ် ၃း ၂၀)

လေကြောင်းမှ တဆင့် Life မဂ္ဂဇင်းထဲတွင် တွေ့ရသည်မှာဂျူးတို့သည် သူတို့မွေးရပ်မြေသို့ ပြန်သွားကြပါသည်။ လွန်ခဲ့ သော သုံးလေးနှစ်ခန့်က သူတို့သည် နှစ်ပေါင်း(၂၀၀၀) ခန့်အဝေးတနေရာသို့ ရောက်နေကြပြီး တပါးအမျိုးသားများမှာ လည်း အဆင့်ဆင့်ဖြစ်လျှက်ရှိပါသည်။ ဗျာဒိတ်ကျမ်းအရ တပါးအမျိုးသားများမှာလည်း ခရစ်တော်ကို အသင်းတော်၏ ပြင်ပသို့ မောင်းထုတ်လိုက်သကဲ့သို့ဖြစ်ပါသည်။ တတိယမြောက်အခန်းကြီးတွင် တွေ့ရပါသည်။ ခရစ်တော်မှာ အသင်းတော်ထဲသို့ပင်ပြန် မဝင်နိုင်တော့ပါ။ ကိုယ်တော်ရှင်အတွက် သွားစရာနေရာပင်မရှပါ။ ကိုယ်တော်ငြင်းပယ်ထားပါသည်။ အသင်းတော်ကို ချီးဆောင် ခြင်းအတွက်လည်း အချိန်ရောက်ပြီ ဖြစ်ပါသည်။ (၁သက် ၄း၁၅)

ဤနေရာတွင် အစက်ကလေးများပြထားသည်မှာ ရှင်ပြန်ထမြောက်သည့် အခါတွင် တက်ကြွသွားမည့် သန့်ရှင်းသူများ ပင်ဖြစ်ပါ သည်။ ကျွန်တော်တို့အားလုံးဤနေရာတွင်ဆုံးကြပါမည်။ သမ္မာကျမ်းစာက ' ထိုအခါအသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရာက်စေခြင်းငှာ ထိုသူတို့နှင့် တကွမိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်။ ' ဤနေရာမှ လမ်းတလျှောက်လုံးပင် ဖြစ်ပါသည်။

62 ၆၂။ လောဒိကိအသင်းတော်ကာလတွင် သင်မည်ကဲ့သို့ လက်တွေ့ကျင့်သုံးနိုင်မည်နည်း။ ၎င်းတို့သည် ဤခေတ်ကာလ များတွင်အိပ်ပျော်လျှက်ရှိကြပါသည်။ စောင့်စားနေကြခြင်းဖြစ်သည်။ ' ထိုအခါအသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည်အာကာ သကောင်းကင်၌ သခင်ဘုရားထံတော်သို့ရောက်စေခြင်းငှာ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။ ' အာမင်။ သူတို့အတူကိုယ်တော်ကို လေထဲ၌ တွေ့ဆုံခွင့်ရပါသည်။ မည်သည့်နေရာတွင် မေရှိယမှာ ဖြတ်တောက်ခြင်းခံရပါသနည်း။ နှုတ်ကပတ်တော်ဆိုထားသည့်အတိုင်း သီတင်း(၇၀) စတင်သည့်အချိန်တွင်ပင်ဖြစ်ပါသည်။ အသင်းတော် ဖြတ်တောက်ခြင်း ခံရသည့်အချိန် အတိအကျတွင်ပင် ဖြစ်ပါသည်။ ၎င်းနောက် ဘုရားသခင်က ဂျူးများထံပြန်သွားပါသည်။

အသင်းတော်ရုတ်သိမ်းခြင်း ခံရသည်နှင့် ယုဒလူမျိုးများက ဝင်ရောက်လာပါတော့သည်။ တပါးအမျိုးသားများကြားတွင် ကြီးမားသော နိုးထမှုမျိုးကို ဆိုလိုခြင်း မဟုတ်ပါ။ နောက်တစ်ခုမှာ နိုင်ငံတော်တည်ထောင်ခြင်း၊ ခရစ်တော် ဒုတိယအကြိမ် ကြွလာတော်မူခြင်း

ဟုဆိုလိုခြင်းပင်ဖြစ်ပါသည်။ ဒံယေလ ၂း၃၁-၃၃

63 ၆၃။ သင်သွားလိုပါက ဒံယေလအခန်းကြီး (၂)ကိုပြန်၍ လေ့လာနိုင်ပါသည်။ အခန်းငယ် ၃၄ နှင့် ၃၅ ပင်ဖြစ်ပါသည်။ သူ၏ လူမျိုးမှာ တစ်ခုသော အတိုင်းအတာအတွင်း လွတ်မြောက်ပြီးဖြစ်ကြောင်း ဒံယေလကို ရူပါရုံပေးအပ်ခြင်းခံရပါသည်။ တပါး အမျိုးသားများပါဝင်ကြောင်းတွေ့ရပါသည်။ ဤကြီးမားသော ရူပါရုံကိုမြင်ရ၍ ကျောက်တုံးကြီး၊ ရုပ်ပုံကြီးပင်မြင်ရပါသည်။ ရွှေဦး ခေါင်းရှိ၍ ရင်ဘတ်မှာလည်းငွေဖြစ်သည်။ 'ဖုတ်သောသရွတ်နှင့်သံရောနှောသည်ကို မြင်တော်မူသည်နှင့် လျှော်စွာနိုင်ငံသား တို့သည် အခြားသောလူမျိုးသားတို့နှင့် ပေါင်းဖော်ကြလိမ့်မည်။ သို့သော်လည်း သရွတ်နှင့်သံရောနှောနေသကဲ့သို့ သူတို့သည် အချင်းချင်းပေါင်းဖော်၍ မသင့်နိုင်ကြ။' ဒံယေလ ၂း၃၈-၃၉

64 ၆၄။ ရွှေဦးခေါင်းမှာ နေဗုခ်နေဇာဖြစ်သည်။ 'နောက်ထပ်မင်းတပါးပေါ်ပေါက်လာပြီး ကိုယ်တော်ထက်ပို၍ နိမ့်ချမည်။' ဟုဆိုပါသည်။ ထိုသူမှာ ဒါရိဖြစ်၍ မိဒို၊ ပါရှားဖြစ်၍ တပါးအမျိုးသားနိုင်ငံတော်ကို သိမ်းပိုက်လိုက်ပါသည်။ မိဒိုပါရှားပြီးနောက် ဂရိများ ဖြစ်ကြပြီး မဟာအလက်ဇန်းဒါး ဘုရင်ပင်ဖြစ်ပါတော့သည်။ ဂရိများ၏သိမ်းပိုက်ခြင်းကိုခံရခြင်းပင်ဖြစ်ပါသည်။ ဂရိတို့၏ လက်မှ မည်သူကသိမ်းပိုက်ပြန်ပါသနည်း။ ရောမများပင်ဖြစ်ပါသည်။ ထိုအချိန်တွင် တပါးအမျိုးသားများလောကကို မည်သူကစိုးမိုးအုပ်ချုပ်ပါသနည်း။ ရောမများပင်ဖြစ်သည်။ ၎င်းမှာ သံပင်ဖြစ်ပါသည်။ ဒံယေလ ၂း၄၁

ရောမသည် အဆုံးအထိတည်မြဲနေပါသည်။ အကြောင်းမှာ ခြေဖျားအဆုံးအထိရောက်သွားသောကြောင့်ဖြစ်ပါသည်။ ၎င်းနောက်သူက ရွှံ့၊ သရွတ်၊ စသည်တို့သည် သံနှင့် ရောထားသည်ကိုတွေ့ရပါသည်။ (လူကိုလည်းမြေကြီးဖြင့် ဖန်ဆင်းခြင်း ပင်ဖြစ်ပါသည်။) ရောမ၏ ခွန်အားသည် ဤနိုင်ငံများရှိ လူတစ်ဦးစီ၏ အတွင်းသို့ရောက်သွားပါသည်။ ရောမမှာလည်း ကောင်း ကင်အောက်တွင် ခွန်အားရှိသောနိုင်ငံပင်ဖြစ်ပါသည်။

65 ၆၅။ စကားတစ်လုံးပြောရုံနှင့် စစ်ပွဲတစ်ပွဲကို စတင်နိုင်သူသို့မဟုတ် စစ်ပွဲတစ်ပွဲကို အဆုံးသတ်နိုင်သူ ဤကမ္ဘာပေါ်တွင် တစ်ဦးသာရှိပါသည်။ ထိုသူမှာ ပုပ်ရဟန်းမင်းကြီးပင်ဖြစ်သည်။ 'ကတ်သလစ်တစ်ဦးတစ်ယောက်မှ လက်နက်ဆွဲကိုင်ခြင်း မပြုရဟု သူကဆိုသည်။ ပြောသည့်အတိုင်းဖြစ်လာပေမည်။ ကမ္ဘာပေါ်ရှိခရစ်ယာန်အများစုမှာ ကတ်သလစ်များပင်ဖြစ်ပါသည်။ ဗျာဒိတ် ၁၃း၄

သူအားစကားတစ်လုံးပြောပါစေ။ မည်သူသည် သားရဲနှင့် စစ်တိုက်နိုင်ပါသနည်း။ မည်သူသည်သူကဲ့သို့စကားပြောနိုင်ပါ သနည်း။ မည်သူ လုပ်နိုင်ပါသနည်း? သားရဲ၏ ရုပ်တုကို ငါတို့ပြုလုပ်ကြပါစို့။' ဟုဆိုသည်။ အသင်းတော်များ စုပေါင်းကြခြင်းပင် ဖြစ်ပါသည်။ သူတို့ပြုလုပ်ခဲ့သည့်ပုံစံမျိုးအတိုင်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့မှာ နောက်ဆုံးသောအချိန်သို့ရောက်နေပေပြီ။ သားရဲရုပ်တုကိုပြုလုပ်ကြပါစို့ဟု ဆိုသကဲ့သို့ပင်ဖြစ်ပါသည်။ ရုပ်တုဆိုသည်မှာ တစုံတစ်ခုနှင့် တူသောအရာပင်ဖြစ်ပါသည်။ ကျွန်တော်တို့မှာ နောက်ဆုံးသော အချိန်သို့ရောက်နေပေပြီ။ ဒံယေလ ၂း၃၄

66 ၆၆။ ဤခေတ်ကာလအဆုံးပိုင်းရောက်တော့မည်ကို သတိပြုပါ။ ဒံယေလ ၂း၃၄-၃၅ တွင်ဖော်ပြထားသည်မှာ သူသည် ဤကြီးမားသော ရုပ်တုကြီးမားသော ရုပ်တုကြီးကို အလွန်အလေးအနက်ထား၍ ကြည့်ရှုနေသည်ကိုတွေ့ရသည်။ သူကြည့်နေစဉ် လက်များမပါဘဲတောင်မှ ကျောက်တုံးတစ်တုံးကိုဖြတ်၍ တောင်စောင်းမှလိမ့်ချလိုက်သည်ကို တွေ့ရပါသည်။ ထိုရုပ်ထု၏ ခြေထောက်ကိုထိပြီး ကျိုးပဲ့ပျက်စီးသွားတော့သည်။ ခေါင်းကိုထိသည် မဟုတ်ပါ။ ခြေထောက်ကိုထိခြင်းဖြစ်သည်။ နောက်ဆုံးသော အချိန်ဖြစ်ပါသည်။ ခြေချောင်းကလေး (၁၀) ချောင်းရှိပါသည်။ ဒံယေလ၂း၃၄

သမ္မတ ( အိုက်ဆင်ဟာဝါ)သမ္မတဖြစ်ပြီးနောက်ပိုင်းအမေရိကန်နိုင်ငံသည်နောက်ဆုံးပရိုတက်စတင့်သမ္မတဖြစ်မည် ဟု ကျွန်တော်ထင်သည်။ (နောက်ထပ် တဦး ရှိလိမ့်မည်ဟုလည်းမျှော်လင့်ရပါသည်။) သူသည် နောက်ဆုံးသောစည်းဝေးတွင် ရုရှားနိုင်ငံနှင့် တွေ့ဆုံဆွေးနွေးခဲ့ရပါသည်။ အရှေ့ကွန်မြူနစ်နိုင်ငံ(၅)နိုင်ငံနှင့် အနောက်ကွန်မြူနစ်နိုင်ငံ (၅)နိုင်ငံ ကိုယ်စားလှယ်များနှင့်လည်းတွေ့ဆုံခွင့်ရပါသည်။ အရှေ့နိုင်ငံများ၏ ခေါင်းဆောင်မှာ ခရုုးယုက်ဖြစ်သည်။ အိုင်ဆင်ဟာဝါမှာ အနောက်နိုင်ငံများ၏ခေါင်းဆောင်ဖြစ်သည်။ ခရုယုက်သည် ရုရှားဘာသာစကားဖြစ်ပြီး အဓိပ္ပါယ်မှာ ရွှံ့ဖြစ်သည်။ အိုင် ဆင်ဟာဝါ၏ အဓိပ္ပါယ်မှာ အင်္ဂလိပ်စကားနှင့် ဆိုလျှင်အသံဖြစ်သည်။ သံနှင့် ရွှံ့မှာ ဘယ်တော့မှ ရောနှော၍မရပါ။ ဤအချိန် ကာလတွင် လက်နှင့်မလုပ်ဘဲ တောင်မှထွက်ပေါ်လာသော ကျောက်တုံးသည် ရုပ်တုကြီး၏ ခြေကိုထိခိုက်ကျိုးပဲ့စေပါသည်။

တောင်မှ ဖြတ်ထုတ်သောကျောက်တုံးပင်ဖြစ်ရပေမည်။ ကျောက်တောင်မှဖြတ်ထုတ်သော ကျောက်တုံးဖြစ်ပါသည်။

67 ၆၇။ ကျွန်တော်နားလည်သလောက် ပြောရမည်ဆိုလျှင် ပထမဆုံးရေးသားထားသောသမ္မာကျမ်းစာမှာ ဘုရားသခင်က ကောင်းကင်ပေါ်တွင် ရေးသားခြင်း ဖြစ်ရပေမည်။ အကြောင်းမှာ သူတို့မော့ကြည့်လိုက်သောအခါ ကောင်းကင်တွင် ဘုရားသခင် ကိုတွေ့ရပါသည်။ သူတို့အပေါ်မှာ ဘုရားသခင်ရှိနေပါသည်။ ပထမဆုံးနက္ခတ္တ လမ်းကြောင်း (Zodiac) ကိုကျွန်တော်နား လည်သလောက်ဆိုလျှင် အပျိုကညာ (Virgin)နှင့်စထားသည်ကိုတွေ့ရပါသည်။ (Zodiac) နံပါတ်မှာ (leo)ဖြစ်သည်။ (leo) ခြင်္သေ့ဖြစ်သည်။ ခရစ်တော် ပထမအကြိမ်ကြွလာသောအခါ အပျိုကညာအားဖြင့်ဖြစ်သည်။ ဒုတိယအကြိမ်ကြွလာသောအခါ ယုဒအမျိုးသားခြင်္သေ့ဖြစ်နေပါသည်။ ၎င်းနောက် ကင်ဆာခေတ်ကာလရောက်ပြီး နက္ခတ္တလမ်းကြောင်း တောက်လျှောက်ဆင်း သွားရပါသည်။

နောက်တစ်ခုရေးသားထားသည်ကိုလည်းတွေ့ရပါသည်။ နောက်တစ်ခုနေရာချထားပါသည်။ ထိုအရာမှာ (Pyramid) ဖြစ်ပါသည်။ ပိရမစ် (Pyramid) အောက်ခြေတွင် တောင်ကဲ့သို့ ဖြစ်နေသည်ကို သတိပြုမိပါသလား။ တောင်ကဲသို့ ကျယ်ပြန့်နေပါသည်။ မာကျောသောကျောက်မှ ပေါ်ထွက်လာခြင်းပင်ဖြစ်ပါသည်။ ထိပ်ဆုံးပိုင်း ရောက်သည်အထိ တစ်ဖြောင့်တည်းတက်သွားပါသည်။ သို့သော်လည်း (Pyramid) ပေါ်တွင်

အမိုးလုပ်ထားခြင်းကို မတွေ့ရပါ။ အီဂျစ်နိုင်ငံရှိ (Pyramid) ကြီးကို ဆိုိခြင်းဖြစ်ပါသည်။ သင့်အိတ်ထဲတွင် ဒေါ်လာငွေရှိပါသလား။ ဒေါ်လာငွေကို ထုတ်ကြည့်ပါ။ အမေရိကန်တံဆိပ်ကို တစ်ဖက်တွင်တွေ့ရပါသည်။ အခြားတစ်ဖက်တွင်မူ ပိရမစ်၏အောက်ခြေကို တွေ့ရပါသည်။ ပိရမစ်၏ အပေါ်ပိုင်းတွင် ထိပ်ဖျားတွင်ကျောက်တုံးကြီးရှိပါသည်။ ထိုကျောက်တုံးကြီးမှာ ကြီးမားသော မျက်စိကြီးဖြစ်သည်။ ဤပိရမစ်ကြီး၏ အောက်ခြေတွင် ' ကြီးမားသော တံဆိပ်ကြီး ' ဟု ရေးသားထားပါသည်။ အမေရိကန်သိန်းငှက်ကြီးမှာ ဘာကြောင့် ကြီးမားသော တံဆိပ်ကြီးမဖြစ်ရပါသနည်း။ ထိုတံဆိပ်မှာ ဘုရားသခင်၏ တံဆိပ်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့ သီချင်းကလေးတစ်ပုဒ်ဆိုလေ့ရှိသည်ကို သတိရကြပါ။ လမ်းခရီးတစ် လျှောက်လုံးတွင်ထို ဝိညာဉ်၏စစ်မှန်မှုမှာ ကျိမ်းဝပ်ရပါသည်။ သင့်အား ကြည့်နေသော မျက်စိရှိပါသည်။ သင်၏ခြေလှမ်း တစ်လှမ်းစီကို ထိုကြီးမားသော မျက်စိကြီးက နိုးကြားလျှက်ကြည့်နေပါသည်။ မှန်ပါသည် ကျွန်တော်တို့ အထိမ်းအမှတ်ကပွဲက လေးပြုလုပ်ခဲ့သည်ကို သင်မှတ်မိပါသလား သင်သည်ခိုးယူခြင်းလိမ်ညာခြင်းနှင့် လှည့်ဖျားခြင်းပြုလုပ်ပါက ဘုရားကျောင်းထဲတွင် သင်သက်သေခံရပါမည်။ သင့်အားကြည့်နေသော မျက်စိရှိနေပါသည်။

68 ၆၈။ အလွန်ကြီးမားသောတံဆိပ်ကြီးဖြစ်ပါသည်။ ကျွန်တော်တို့သိပါသည်။ သို့သော်လည်း နားမလည်နိုင်ပါ။ ပိရမစ်ကြီးကို တိုင်းတာခြင်းပင်ဖြစ်ပါသည်။ နောက်ဆုံးကျွန်တော်က သင်တို့ကို ပြောဆိုနေခြင်းပင်ဖြစ်ပါသည်။

ပိရမစ်သည် အသင်းတော်ကို ကိုယ်စားပြုပါသည်။ အောက်ခြေတွင် ကျယ်ပါသည်။ အထက်ဘက်သို့ ရောက်ခါနီးသည့် အခါ ထိပ်ချွန်ခလေးဖြစ်လာပါတော့သည်။

ယခုအခါ ကျွန်တော်တို့ ရှာတွေ့ပြီးဖြစ်ပါသည်။ ထိပ်ဆုံးအပိုင်းသို့ရောက်သွားပြီးဖြစ်ပါသည်။ သူတို့ အဆုံးမသတ်နိုင်ကြသေးပါ။ ဘာကြောင့်နည်း ဘာကြောင့်ဖြစ်ပါသနည်း။ အကြောင်းမှာ သမ္မာကျမ်းစာက ထိပ်ဆုံးမှ ကျောက်ကို ပယ်ထားခြင်း ဖြစ်သည်ဟု ဆိုထားခြင်းကြောင့် ဖြစ်ပါသည်။ သူတို့ကို ငြင်းပယ်ထားပါသည်။

69 ၆၉။ ယခုအခါတွင် အသင်းတော်ကာလကို ကြည့်ပါ။ သေချာစွာနားထောင်ပါ။ လွဲမသွားပါစေနှင့် ဤအသင်းတော်ကာလမှာ ပြုပြင်ရေးကာလမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ လူသာ၏ခေတ်ကာလဖြစ်၍ တမန်တော်မှာစတင်ခဲ့သောအချိန်ကာလ အုတ်မြစ် ကျောက်ချသော အချိန်မှာ ပို၍ မှန်ကန်ပါသည်။ တစ်ခေတ်မှ တစ်ခေတ်သို့ ကူးပြောင်းသည့်အချိန် အသင်းတော်မှာ တစ်ချိန်လုံး လူနည်းစုကလေးပင်ဖြစ်ပါတော့သည်။ လူသာက ဖြောင့်မတ်ခြင်းတရားအကြောင်းကို ဟောပြောခဲ့ပါသည်။ ခရစ်ယာန်တစ်ဦးအ ဖြစ် ဝန်ခံလိုက်သည်နှင့် သူတို့ကသင့်ကို သတ်ကြပါသည်။ မာတုရတို့၏ ခေတ်ကာလပင်ဖြစ်သည်။

ဝက်စလီ၏ ခေတ်ကာလက ကျွန်တော်တို့တွေ့ရှိရသည်မှာ သင်သည် ခရစ်တော်ကို လက်ခံပါက နည်းစနစ်သစ်အရ သင်သည် သန့်ရှင်းသော ကခုန်သူပင်ဖြစ်သည်။ ဝက်စလီဤနေရာသို့လာသောအခါလူများက အပြင်သို့ထွက်လာကြပါသည်။ အမေရိကန်တွင် အစည်းအဝေးပွဲများ ပြုလုပ်ကြပါသည်။ အိမ်ကျောင်းကလေးများတွင် ၎င်းတို့အစည်းဝေးပွဲများပြုလုပ်ကြပါ သည်။ သူတို့၏အသင်းတော် ဘုရားရှိ်ခိုးကျောင်းများက လက်မခံကြပေ။ သန့်ရှင်းသော ဝိညာဉ်တော်သူတို့အပေါ်သို့ကျရောက် သည်အထိ သူတို့ကြမ်းပြင်ပေါ်ပစ်လဲ၍လူးလိမ့်ကပါသည်။ သူတို့အပေါ်သို့ရေလောင်းချပြီး ယပ်တောင်ဖြင့်ယပ်ခတ်ကြသည်။ သူတို့မူးလဲသွားသည်ဟုထင်ပြီး ပြုစုပေးကြခြင်းပင်ဖြစ်ပါသည်။ သူတို့၏ အစည်းဝေးပွဲများသို့ကျွန်တော်ရောက်နေသည်မှာလည်း နှစ်ပေါင်း(၅၀)ခန့်ရှိနေပါပြီ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးအောက်သို့ရောက်နေသည်ကိုလည်းတွေ့ရပါသည်။ မျက်နှာကိုရေ လောင်းခြင်းစသည်တို့ ပြုလုပ်ကြပါသည်။ နှစ်ပေါင်းများစွာအကြာက မက်သဒစ်တို့၏ ပြုမူဆောင်ရွက်ခြင်းများပင်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းမှာ နှိပ်စက်ညှင်းပန်းခြင်းပင်ဖြစ်ပါသည်။

70 ၇၀။ ဝက်စလီခေတ်ကာလ ကုန်ဆုံးပြီးနောက် ပင်တေကုတ္တေခေတ်ကာလရောက်လာပြီး သန့်ရှင်းသောဝိညာဉ်တော် ဗတ္တဇံ ခေတ်ရောက်လာပါသည်။ သင်ကတစ်ချိန်လုံး ပုံဖေါ်ပေးနေခြင်းပင်ဖြစ်ပါသည်။ အထွက်အထိပ်ကျောက်မှာအပေါ်တွင် မရောက် သေးပါ အဘယ်ကြောင့်နည်း။ ၎င်းတို့သည် အသင်းတော်ကိုအတိအကျပင်ပုံသွင်းခြင်းဖြစ်ပါသည်။ ထိပ်မှကျောက်ကို အံ့ဝင် ဂွင်ကျပုံစံအတိုင်းဖြစ်စေရန်ပင်ဖြစ်ပါသည်။ သို့သော်လည်း ကျောက်များပေါ်ထွက်လာခြင်းမရှိပါ။ (မာကု ၁၂း၁၀)

လူသာထံမှ လာသော သာသနာပြုခြင်းမှစ၍ ပင်တေကုတ္တေလူနည်းစုကလေးအထိ ဤခေတ်ကာလတွင် အလင်းမှာ ပျောက်သွားလုဖြစ်ရခြင်း၏အကြောင်းရင်ပင်ဖြစ်ပါသည်။ ပြက္ခဒိန်ဇယားချပ် ပေါ်တွင်ကြည့်ပါက ပင်တေကုတ္တေခေတ်ကာလပင် ဖြစ်ပါသည်။ ပင်တေကုတ္တေ ဂိုဏ်းဂဏများမဟုတ်ပါ။ အကြောင်းမှာ သူတို့သည် လောဒိကိကာလကဲ့သို့ အတိအကျပြုလုပ် ဆောင်ရွက်သေယကြောင့်ပင်ဖြစ်ပါသည်။ သူတို့သည်လောဒိကိမြို့သားများဖြစ်ကြပါသည်။ သူတို့သည် နိကောလဝါဒီများကဲ့သို့ ပြုလုပ်ကြပါသည်။ အဖွဲ့အစည်းဖွဲ့စည်းကြသည်။ သို့သော်လည်း ကမ္ဘာတစ်ဝှမ်းလုံးစစ်မှန်သောအသင်းတော်က သခင်ယေရှု၏ အသင်းတော်ကဲ့သို့ တစ်ပုံစံတည်းဖြစ်သော ပုံစံကိုတွေ့ရပါသည်။ သူတို့ယခုအခါဘာရပါသနည်း။ အခြေအနေအရအရာတစ်စုံ တစ်ခုကိုရပါသည်။ နောက်အရာတစ်ခုမှာ အဘယ်သို့ ဖြစ်မည်နည်း။ ပိရမစ်အတွက် ဖယ်ရှားထားသောကျောက်တုံးမှာ လူလက် ဖြင့်မဟုတ်ဘဲ တောင်ပေါ်မှဖြတ်တောက်ခြင်း ခံရပါသည်။ ဘုရားသခင်ပို့ဆောင်တော်မူခြင်းပင်ဖြစ် ပါသည်။ သင်နားလည် ပါသလား။ ငြင်းပယ်ခံရသောသူ၊ ငြင်းပယ်ခံရသောကျောက်တုံးမှာ ထိပ်ဆုံးမှ ကျောက်ပင်ဖြစ်ပါသည်။ တပါးအမျိုးသားတို့၏ ခေတ်ကာလမှာ သူတို့ငြင်းပယ်ထားသော ခရစ်တော်ပင်ဖြစ်ပါသည်။ ဘုရားကျောင်းတွက်ကြီးမားသော ဂုဏ်သိက္ခာရှိနေပါသည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်ပါသည်။ ပစ်ရမစ်၏ထိပ်ဖျားမှာ ခရစ်တော်ကြွလာတော်မူခြင်းပင်ဖြစ်ပါသည်။ သင်နား လည်ပါသလား ? ဒံယေလ ၂း၃၄

71 ၇၁။ သူတို့မှာ ပုံစံတကျရှိနေပါသည်။ ပစ်ရမစ်ကဲ့သို့ပုံစံမျိုး ကျွန်တော်မည်သည့် နေရာတွင် ရခဲ့ကြောင့် ကြည့်ပါ။ သူတော်စင် များပေါ်ထက်လာခြင်းမှာ ဘုန်းထင်ရှားစေရန် ချီတက်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ယခုအခါ သင်နားလည်လာပြီလား။ ခရစ်တော်မှာ ထိပ်တန်းမှ

ကျောက်၊ ငြင်းပယ်ခံရသောကျောက်တုံး၊ အားလုံးကို မြင်ရသောမျက်လုံးဖြစ်၍ သမ္မာကျမ်းစာ ဆိုသကဲ့သို့ အတိကျပင်ဖြစ်ပါသည်။ ဒံယေလဆိုသကဲ့သို့ ဤတပါးအမျိုးသားခေတ်ကာလကို သူကဤတပါးအမျိုးသားခေတ်ကာလကို ကြည့်နေသည်မှာ နောက်ဆုံးအသင်းတော်ထဲမှ ကျောက်တုံးတစ်လုံးထွက်လာသည့် တိုင်အောင်ဖြစ်ပါသည်။ သူတို့သည် မစ်ရမစ် ပေါ်သို့ထိပ်ဖျားမှ ကျောက်တ ုံကို မတင်ထားရသေးပါ။ လူ၏လက်ဖြင့် ဖြတ်တောက်ထားခြင်း မဟုတ်ပါ။ ထိုကျောက်ကို ဘုရားသခင်၏ လက်ဖြင့် ဖြတ်တောက်ခြင်းပင်ဖြစ်ပါသည်။ ထိုကျောက်က ရုပ်ထုကြီးအောက်ခြေကို ထိခိုက်မိပြီး အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားစေပါသည်။ အမှုန့်ဖြစ်သွားစေပါသည်။ ဟာလေလုယာ၊ ့ ထိုအချိန်တွင် ဘာဖြစ်သွားပါသနည်း။ ထိုကျောက်တုံးကြွလာတော်မူခြင်းပင်ဖြစ်ပါသည်။ အသင်းတော်မှာ ရုတ်သိမ်းခြင်းကာလတွင် အထက်သို့ချီဆောင်ခြင်းခံရပါ သည်။ တပါးအမျိုးသားတို့၏ ခေတ်ကာလကို အဆုံးသတ်စေခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်က အဆုံးသတ်ပေးခြင်းပင်ဖြစ် ပါသည်။ ကျောက်တုံးကြီးကြွလာတော်မူခြင်းပင်ဖြစ်ပါသည်။

72 ၇၂။ ဘုရားကျောင်းသို့လာတတ်သော သူတချို့ရှိပါသည်။ လူတစ်ဦးနှင့် သူ၏ဇနီးသည်ဖြစ်ပါသည်။ သမ္မာကျမ်းစာကို ယူဆောင်လာပြီး တနေရာတွင်ချထားလျှက် သူတို့ကသီချင်းဆိုလေ့ရှိကြပါသည်။

ကျွန်တော်သည် ထိုကျောက်ကိုရှာဖွေလျှက်ရှိပါသည်။ ထိ ုကျောက်မှာ ဇာဗုလုန်တွင် လိုမ့်သွားလျှက်ရှိသော ကျောက် ဖြစ်ပါ သည်။ ဇာဗုလုန်တွင် လိုမ့်သွားပါသည်။ ထိုကျောက်ကိုရှာဖွေလျှက် ဇာဗုလုန်ထဲသို့ကျောက်မှာ လိုမ့်၍ ဝင်လာပါသည်။

ခရစ်တော်သည်ကျောက်ဖြစ်ပါသည်။ သူသည်လူအားဖြင့် မွေးဖွားလာခြင်းမဟုတ်ပါ။ ဘုရားသခင်အားဖြင့် ဖွားမြင်လာ ခြင်းဖြစ် ပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် အသစ်တဖန်ပြန်လည်ဖွားမြင်လာသော အသင်းတော်အတွက် ကိုယ်တော်ရှင် ကြွလာတော်မူခြင်းပင်ဖြစ်ပါသည်။ အကြောင်းမှာ ထိပ်ဆုံးမှ ကျောက်၏ အင်အားသည် အသင်းတော်တစ်ခုလုံး၏ သံလိုက်ကဲ့သို့ တောက်လျှောက် စီးဝင်သွားသောကြောင့် ဖြစ်ပါသည်။

73 ၇၃။ ထိုစက်ကိုကြည့်ပြီး ထိုအချိန်ကအကြောင်းအရာများကို သတိရပါသည်။ အရာအားလုံးကို သူတို့က ပုံစံဖော်ပေးလျှက် ရှိပါသည်။ အမှိုက်များအားလုံးမှာလည်း စုပုံနေပြီး သူတို့က လှည်းထုတ် ိုက်ပါသည်။ ကြီးမားသော ကျောက်တုံးကိုဘေးမှ ရောက်လာပြီး ကောက်ယူလိုက်သည်။ ထိုသံလိုက်ဖြင့် ဆက်နွယ်ဆက်စပ်လျှက် ရှိသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ထိုကျောက်တုံးနှင့် သံလိုက်ကဲ့သို့ ဆက်နွယ်ဆက်စပ်လျှက်ရှိရပေမည်။ ထိုကျောက်တုံးမှာ သန့်ရှင်းသော ဝိညာဉ်တော် တည်းဟူသော သံလိုက်ဓါတ်၏ဆွဲငင်အားရရှိထားသော ကျွန်တော်တို့အားလုံးမှာ ထိုကျောက်တုံးရုပ်တုကြီးကို ထိမိသောအခါ အသင်းတော်ကသူ့ထံသို့ ပြေးသွားပါသည်။ သူမသည် သန့်ရှင်းသူများကိုချီဆောင်သောအခါ ဘုန်းထင်ရှားလျှက် တက်ကြွသွား ခွင့်ရပါသည်။ ထိုနေ့ရက်များကို အသင်းတော်က မလွဲမသွေ ဖြတ်ကျော်သွားရပါမည်။

74 ၇၄။ လွန်ခဲ့သောနှစ်ပေါင်း (၄၀) ခန့်ကာလကပင် ဂျူးလူမျိုးများ မွေးရပ်မြေသို့ ပြန်သွားကြပါပြီ။ ဗိမာန်တော်များပျက်စီးသည့် အချိန်တွင် ၎င်းတို့လည်းထွက်ပြေးကြရပါသည်။ နှစ်ပေါင်း(၄၀)ကြာမှပြန်လာရပါသည်။ အခြားဗိမာန်တော်တစ်ခုလည်း ပြန်လည် တည်ဆောက်နိုင်သည့်အထိ ဖြစ်ပါသည်။ ကျွန်တော်တို့မှာ လမ်းဆုံးသို့ ရောက်နေပါပြီ။ (ဒံယေလ ၉း၂၇)

အသင်းတော်ကိုကျွန်တော်တို့ တွေ့ရပါသည်။ ကျောက်တုံးကြီးလာသည်ကို တွေ့ရပါသည်။ နောက်ဆုံးကာလကို ကြည့်ကြပါစို့။ ထိုအကြောင်းအရာနှင့် ပတ်သတ်၍ ရေးသားထားသည့် အကြောင်းအရာများရှိသည်။ ကြွလာတော်မူမည့် အရှင်သည် အန္တိခရစ် ဖြစ်ပါသည်။ ဂျူးလူမျိုးများနှင့် ပဋိညာဉ်ဖွဲ့ပါမည်။ ဒံယေလ ၇ သို့မဟုတ် ၉း၂၇တွင် ထိုသတင်း တစ်ဝက် တွင် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကို ပပျောက်စေလိမ့်မည်။ ထိုပဋိညာဉ်အကြောင်း ပြောလိုပါသည်။ ယခုအချိန်မှစ၍ ပြောပါမည်။

75 ၇၅။ ဤတစ်ပါးအမျိုးသားကာလတစ်ခုစီမှာ အများအယွင်းမရှိကြောင်း သူတို့၏သတင်းစကား ပို့ဆောင်သူကသက်သေပြု ပါသည်။ ဤခေတ်ကာလမှာ အလွန်ကောင်းမြတ်သောကာလ ဖြစ်ပါသည်။ နောက်ခေတ်ကာလမှာ ' နိကောလဝါဒ ' ဟု ခေါ်သောအချိန်သို့ရောက်လာပါသည်။ နောက်ထပ်၍ ဩဝါဒထဲသို့ အသစ်တစ်ခု ရောက်လာပြန်သည်။ နိကောလ အသင်းတော် သို့ ပေါင်းစပ်ခြင်းဖြစ်ပေါ်လာ၍ သူတော်စဉ်များကို နှိပ်စက်ခြင်းများဖြစ်လာပါသည်။ အရာခပ်သိမ်း ထိုနည်းအတိုင်းပင် ဖြစ်ပေါ်လာပါသည်။ ထိုကြောင့် သင်သည် မရွေ့လျှော့မီ အရင်နေရာအရပ်ကို အောက်မေ့လော့၊ နောင်တရလော့၊ ရှေ့ဦးစွာသော အကျင့်ကိုကျင့်လော့။ သို့မဟုတ်သင်ရှိရာသို့ ငါသည် အလျှင်အမြန်လာမည်။ နောင်တမရလျှင် သင်၏မီးခွက်ကို နေရာမှရွေ့မည်ဟု ဆိုထားပါသည်။

76 ၇၆။ သူ၏ခေတ်ကာလနှင့်အတူ ဝက်စလီလည်းရောက်လာပါသည်။ ဝက်စလီခေတ်မှာ ဖိလဒေလဖိခေတ် ကာလပင်ဖြစ် ပါသည်။ ဖိလေဒေဖိခေတ်ကာလမှာ ချစ်ခြင်းမေတ္တာနှင့် ပတ်သတ်လျှင် အကြီးမားဆုံးသော ခေတ်ကာလပင်ဖြစ်ပါသည်။ ဂျွန်ဝက်စလီ၏ ခေတ်ကာလ ထိုသို့ဖြစ်ခဲ့သည်မှာ မှန်ကန်ပါသည်။ သူထွက်သွားသောအခါ ပင်တေကုတ္တေခေတ်ကာလ ရောက်ပါသည်။ ထိုခေတ်ကာလမှာ မပူမအေးနွေးနေသောကာလ ဖြစ်ပါသည်။ ပင်တေကုတ္တေများအတွက် မည်ကဲ့သို့သော သတင်းစကားမျိုး ပေါ်ထွက်လာမည်ကိုကျွန်တော်တို့ပြန်၍ လေ့လာရပါမည်။ တစ်ဦးစီမှခေတ်ကာလ၏ နောက်ဆုံးအပိုင်းတွင် ရောက်လာပါသည်။ ရှင်ပေါလုက နောက်ဆုံးအချိန်တွင် ထွက်ပေါ်လာပါသည်။ (St.Irenaeus) နှင့် အခြားသောသူများ ပါဝင်ကြပါသည်။ တစ်ခေတ်မှ တစ်ခေတ်မှ တစ်ခေတ်သို့ ကျော်လွှားသွားပါသည်။ (မာလခိ ၄း၆၊ လုကာ ၁း၁၇)

77 ၇၇။ ကြယ်ကို ကျွန်ုပ်တို့တွေ့ရပါသည်။ သတင်းပို့ဆောင်သူလူပုဂ္ဂိုလ်ရှိ၍ ထိုခေတ်ကာလအတွက် သတင်းစကားရှိပါသည်။ ငြင်းပယ်မည့်သူများရှိသကဲ့သို့ လက်ခံမည့်သူလည်း ရှိပါသည်။ ဤခေတ်ကာလ၏ သတင်းစကားပို့ဆောင်မည့်သူမှာ ဧလိယ၏ တန်ခိုးဖြင့် ကြွလာရပါမည်။ မှန်ပါသည်။ သားသမီးများ၏ ယုံကြည်ခြင်းကို ဖခင်များကဲ့သို့ ဖြစ်စေရန် ပြန်လည်၍ ပြုလုပ်ပေးခြင်း ဖြစ် ပါသည်။ ကျန်ကြွင်းသော လူနည်းစုဖြစ်သော ပင်တေကုတ္တေအုပ်စုကို စစ်မှန်သော တမန်တော်တို့၏ ယုံကြည်ခြင်းသို့ ပြန်လည် ခေါ်ဆောင်ခြင်း

ဖြစ်ပါသည်။ (မာလခိ ၃း၁၊ မဿဲ ၁၁း၁၀)

စစ်မှန်သောတမန်တော်တို့၏ ယုံကြည်ခြင်းအရ တမန်တော်ဝတ္ထုထဲတွင် ဖတ်ကြည့်ပါက မည်သူတစ်ဦးတစ်ယောက်မျှ ခမည်း တော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမတော်မြတ်၌ ဗတ္တိဇံခံထားကြသည်ကို မတွေ့ရပါ။ တစ်ဦး တစ်ယောက်မှ ရေဖြန်းခံရသည်ကိုလည်း မတွေ့ရပါ။ ကျွန်တော်တို့ယခုအခါ ပင်တေကုတ္တေဟုခေါ်သောအရာမျိုးလည်း တစ်ခုမှ မတွေ့ရပါ။ စစ်မှန်သော ဖေါ်ပြမှု သူတို့ အတွင်း၌တွေ့ရပြီး ဘုရားသခင်၏ ဝိညာဉ်တော်ကလည်း သူတို့အတွင်း၌ လှုပ်ရှားလျှက် ရှိပါသည်။ ဘုရားသခင်၏သားတော်၌ ဝိညာဉ်တော်သည် အမှားအယွင်းမရှိဘဲနေပါသည်။ ယခုကြွလာတော်မူမည့်သူ ဤသတင်းစကား ကြွလာတော်မူမည့်သူမှာ ဧလိယမှာ သုံးကြိမ်တိုင်တိုင် ကြွလာရမည်ဖြစ်ပါသည်။ ဗတ္တိဇံယောဟန်မှ ဧလိယဖြစ် သည်ဟု သင်ကဆိုသည်။ သခင်ယေရှုပြောသည်ကို သတိပြုမိပါသလား။ ဗတ္တိဇံယောဟန်မှာ မာလခိ၃း၊ မာလခိ ၄မဟုတ်ပါ။ မာလခိ ၃၏ သတင်းပို့ဆောင်သူဖြစ်ပါသည်။ ကြည့်ရှုလော့ သင်သွားရာလမ်းကို ပြင်ရသောငါ၏တမန်ကို သင့်ရှေ့၌ ငါစေလွှတ်၏ ဆိုရာ၌ ထိုသူကို ဆိုလိုသတည်း။ (မဿဲ ၁၁း၁၀)

78 ၇၈။ နောက်ဆုံးသောကာလတွင် ဧလိယ၏ဝိညာဉ်သည် လူများအပေါ်သို့ သက်ရောက်ပြီး သူတို့ တစ်ချိန်ကပြုလုပ်ခဲ့သမျှကို ပြုလုပ်ကြလိမ့်မည် ဖြစ်ပါသည်။ သူ၏ သဘောသဘာဝမှာလည်း အလားတူတစ်ပုံစံတည်းပင် ဖြစ်ပေလိမ့်မည်။ အသင်းတော်၏ သဘော လူပုဂ္ဂိုလ်၏ သဘောမှာလည်းအလားတူပင် ထိုအတိုင်ဖြစ်ပေမည်။ လူအများကလည်း သူ့ကို ပြန်မုန်းတည်းကြ ပေလိမ့် မည်။ သူသည်မိန်းမများကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ရှောင်ကြဉ်ပေးလိမ့်မည်။ တောကိုချစ်၍ ဧလိယနှင့် ယော ဟန် ကဲ့သို့ အမြဲတမ်းစိတ်အားကြီးသူများ ဖြစ်ပေလိမ့်မည်။ အားလုံးဖြစ်ပျက်ခဲ့သမျှကိုလည်း ကျွန်တော်တို့တွေ့မြင်ခဲ့ ကြရပြီဖြစ်ပါသည်။ ကျွန်တော်တို့ သတင်းစကားကို ရရှိလျှင် ခရစ်တော်ကို ငြင်းပယ်ကြောင်း တွေ့ရပါသည်။ ဤအဖွဲ့အစည်းများ ထဲမှ တစ်ခုထဲတွင် ကျွန်တော်တို့ပါဝင်ရမည်။ သို့မဟုတ်ပါက သင်သူတို့အထဲသို့ဝင်၍ ရမည်မဟုတ်ပါ။ ကိုယ်တော်ကိုအပြင်သို့ ထုတ်ထားကြခြင်းဖြစ်ပါသည်။ ခရစ်တော်သူတို့အကြားတွင် လှုပ်ရှား၍ မရပါ။

'သင်သည် မည်သည့်အရာ ဖြစ်သနည်း?

' ခရစ်ယာန်ဖြစ်ပါသည်'

' မည်သည့်ဂိုဏ်းဂဏတွင် ပါဝင်ပါသနည်း?'

' ဘယ်ဂိုဏ်းဂဏအတွင်းမှ မပါဝင်ပါ'

'ငါတို့မင်းကို သုံးလို့မရပါ' ကိုယ်တော်ရှင်ကို ငြင်းပယ်ထားကြပါသည်။ ဧလိယနှင့် ဗတ္တိဇံယောဟန်မှာလည်း ထိုနည်းတူပင် ဖြစ်ပါသည်။ သို့သော်လည်း သူတို့ကိုထိခိုက်ပါသလား? သူတို့၏သတင်းစကားကို ထိခိုက်ပါသလား? သူတို့က ' သင်တို့သည်ခေါင်းမာသူများ' ဟုဆိုပ်သည်။ သူတို့အပေါ်သို့ ပုံချထားပါသည်။ သူတို့လမ်းကို သူတို့သွားကြပါသည်။ မည်သူက မည်သို့ဆိုစေကာမူ ဘုရားသခင်၏ နှုတ်ကပတ်တော်မရပ်မနား ဆက်သွားမည်ဖြစ်သည်။ ၎င်းနောက်ကျွန်တော်တို့မှာ အဆုံးသို့ ရောက်သွားပြီးဖြစ်ပါသည်။

79 ၇၉။ ပထမကမ္ဘာစစ်ကြီးပြီးဆုံးစဉ်ကာလမှစ၍ နှစ်ပေါင်း(၄၀)အတွင်းကျွန်တော်ရောက်နေပြီဖြစ်ကြောင်း သိကြရပါသည်။ ဂျူး လူမျိုးများ မိမိတို့မွေးရပ်မြေသို့ ပြန်ရောက်ကုန်ကြပေပြီ။ မွေးရပ်မြေသို့မရောက်မချင်း ဣသရေလကိုကိုယ်တော်ရှင်က အမှုမပြု ပေ။ ဗျာဒိတ် ၇း၄-၈

ဂျူးများပြန်လည်ရောက်ရှိလာသောအခါ အခြားနိုင်ငံများမှ ဂျူးလူမျိုးနှင့် ပတ်သတ်၍ Look မဂ္ဂဇင်းက ဆောင်းပါး တပုဒ် ရေးသား ထားသည်ကိုတွေ့ရပါသည်။ အချို့သောဘာသာရေး မဂ္ဂဇင်းများထဲမှလည်း ဖတ်ရှုလေ့လာရပါသည်။ လေယာဉ်များဖြင့် ဂျူးများ ကို သွားရောက်စုသိမ်းသည့်အခါ သူတို့အားလုံးမှာလည်းပြန့်ကြဲလျှက်ရှိပါသည်။ စစ်မှန်သော ဂျူးများအနေနှင့် လုံး၀ အ ခွင့်အ ရေးမရရှိကြပါ။ ၁၄၄၀၀၀ သည် သင့်အတွက်ဖြစ်ပါသည်။ ဗျာဒိတ်(၁၁)ကိုရရှိပါကသူတို့ကို သင်တို့တွေ့ရပါလိမ့်မည်။ ' ဂဒ်အ နွယ်(၁၂) နွယ်၊ အာရှာအမျိုးအနွယ်(၁၂)၊ ရုဘင်အမျိုးအနွယ်(၁၂)၊ရှိပါသည်။ သူတို့အားလုံးမှာ မည်သည့်နေရာတွင် ရပ်တည် နေကြပါသနည်း? သိနာတောင်ပေါ်တွင် ရပ်တည်လျှက်ရှိကြပါသည်။ ဂျူးများအားလုံးမွေးရပ်မြေသို့ပြန်ရောက်နေကြပါပြီ။ ထိုနေရာတွင် သူတို့ရှိကြပါသည်။ သူတို့သည် လူဆိုးဂိုဏ်းဝင်များမဟုတ်ကြပါ။ စစ်မှန်သော ဂျူးများဖြစ်ကြရပါမည်။ ထွက် ၁၉း၄

ဤဂျူးဘာသာရေးသမားအိုကြီးမှာ ရပ်တည်ပြီး မြေလွတ်မြေရိုင်းကြီးကိုတွေ့ရပါတော့သည်။ထိုဂျူးများမှာ(သင်သည် မဂ္ဂဇင်းထဲ တွင် တွေ့ရပါသည်။) သစ်သားထွန်တုံးများဖြင့် ထွန်ယက်စိုက်ပျိုးနေပါသည်။ သူတို့က ထိုအရာသည်သက်မှတ်ထား သည့်အရာ ဖြစ်ကြောင်းတွေ့ရသည့်အခါ သူတို့မှာ လှည့်ပတ်သွားလာနေခြင်းမဟုတ်ပါ။ ဘာသာရေးသမားဟောင်းကြီးမှာ ပြင်ပထွက်ရပ်ပြီး ပြောဆိုသည်မှာ ' ငါသည် အဲဂုတ္တုတ်လူတို့၌ ပြုသောအကြောင်း၊ သင်တို့ကို ရွှေလင်းတအတောင်ဖြင့် ထမ်း၍ ကိုယ်ဘို့သိမ်းယူ သောအကြောင်းကို သင်တို့သည်သိမြင်ရကြပြီ။'

နိုင်ငံများပြိုကွဲလျှက်ရှိပါပြီ။

ဣသရေလနိုင်ငံမှာ နိုးထလျှက် ရှိပါပြီ။

ပရောဖက်များကြိုပြောလျှက်ရှိသော နိမိတ်လက္ခဏာများမှာ

သူတို့အတွက် သတ္တမမြောက်အပတ်ကို တိုက်ရိုက်ထိတွေ့နိုင်ရန် ကျွန်တော်တို့ ချိန်ဆလျှက်ရှိပါသည်။

80 ၈၀။ Brother pethrus က ဓမ္မသစ်ကျမ်းစာအုပ်ကလေးများကို သူတို့အားဝေငှပေး၍ သူတို့ဖတ်ကြသည်ကိုတွေ့ရပါသည်။ သူတို့အဆိုအရ ' သူသည် မေရှိယဖြစ်ပါက ပရောဖက်ပြုနိုင်သော နိမိတ်လက္ခဏာကို သူတို့တွေ့ရစေရန် သူကပြုလုပ်စေပါ။ သူမသေဘဲအသက်ရှင်ပါက ပြုလုပ်ပါစေ။' သူ၏အဆိုအရ ' သူသည် ရှင်ပြန်ထမြောက်ပါသည်။သူ၏ အသင်းတော်တွင် နေထိုင် လျှက်ရှိသည်။ ပရောဖက် ပြုသောနိမိတ်လက္ခဏာကို ကိုယ်တော်ရှင်တွေ့ရပါစေ။ ကျွန်တော်တို့ကိုယ်တော်ကို ယုံကြည်ပါစေ။ ဂျူးများအားလုံး ယုံကြည်ကြပါစေ။' မေရှိယမှာ ပရောဖက်ဖြစ်ရမည်ဟုသူတို့သိကြပါသည်။

BrotherArganbright သည်ထိုနေ့ရက်ကာလက ထိုနေရာတွင် ကျွန်တော်ရပ်တည်လျှက်ရှိစဉ်အခါ ဂျူးများရပ် တည်လျှက်ရှိသည့် အရာကို တွေ့ရပါသည်။ ' ငါတို့နေရာသို့လာပါ။ ငါတို့လူများထံသို့လာပါ' ဟူ၍ဖြစ်သည်။

ကျွန်တော်က ' ကောင်းပြီ ကျွန်တော်လာပါမည်' ဟုပြောလိုက်သည်။ ဆုံးဖြတ်ချက်ချသည်မှာ အလွန်လျင်မြန် လုပါသည်။ ၎င်းနောက် ကျွန်တော်အီဂျစ်နိုင်ငံကိုင်ရိုမြို့သို့ရောက်သွားပါသည်။

'သူတို့ကို တနေရာကွင်းပြင်ထဲသို့ခေါ်ထုတ်လိုက်ပါ။ သူသည် ပရောဖက်ဟုတ်မဟုတ် ကျွန်တော်တို့ ဖော်ထုတ်ကြမည်' အာမင်။ ' သူဘာလုပ်မည်ကို ကြည့်ကြပါစို့။' သူတို့လက်ထဲမှာ ပင်ရှိပါသည်။ သူတို့လိုလားသောအရာပင် ဖြစ်ပါသည်။ သူတို့ထို အရာကို မြင်နိုင်ပါက သူတို့ယုံကြည်ကြပါမည်။ ကမ္ဘာဦး ၁၅း၁၆

81 ၈၁။ ထိုကြောင့် ကျွန်တော်ဘာလုပ်ပါသနည်း။ ကိုင်ရိုမြို့တွင် ဆင်းပြီး ကျွန်တော်စတင်၍ အဖက်ဖက်သို့သွားပါသည်။ လက်မှတ်ဝယ်၍ မိနစ် (၂၀) ခန့်ကြာအောင်စောင့်နေခဲ့ပါသည်။တစ်စုံတစ်ဦးက ဆိုပါသည်။ ' ယခုအချိန်မဟုတ်ပါ။ တပါး အမျိုးသားများ၏ မကောင်းမှုဒုစရိုက်များ၏ ခွက်ဖလားသည် မပြည့်သေးပါ။ ဝေးဝေးရှောင်၍နေပါ။' ကျွန်တော်စိတ်ကူးယဉ်နေ ခြင်းသာဖြစ်မည်ဟု စဉ်းစားမိပြီးကွယ်ရာသို့သွား၍ ဆုတောင်းနေမိပါသည်။ ' ထိုနေရာမှ ဝေးဝေးရှောင်၍ နေပါ။' ၎င်းနောက် ကျွန်တော်၏ လက်မှတ်ကို ဆွဲဆုတ်၍ တနေရာသို့ ထွက်သွားပါတော့သည်။ ကျွန်တော်မသွားပါ။ အကြောင်းမှာ အချိန် မကျသေး သောကြောင့် ဖြစ်ပါသည်။

မည်သည့်အချိန်တွင် ဘုရားသခင်ကဂျူးလူမျိုးများကို ခွင့်ပြုပါမည်နည်း? သူတို့နှင့် စတင်၍ အလုပ်လုပ်မည့် အချိန်ကို ကျွန်တော်မပြောပြနိုင်ပါ။ ကျွန်တော်လည်း မသိပါ။ မည်သူကမှလည်း မသိပါ။ သို့သော်လည်းနားထောင်ပါ။ ဣသရေလမှာ မွေးရပ်မြေသို့ပြန်ရောက်နေပါက အချိန်ရောက်လုနီးပါပြီ။ ကျောက်တုံးများအားလုံးကို ဖယ်ရှား၍ ဆည်မြောင်းများ၊ ရေတွင်းများ၊ ချောင်းမြောင်းကြီးများနှင့် အလုပဆုံးနေရာ တစ်နေရာဖြစ်နေပါပြီ။ မြို့လည်းတည်ထားပြီးဖြစ်သည်။ ရေမြောင်းတာတမံများ လည်းရှိသည်။ ကမ္ဘာပေါ်တွင် အကောင်းဆုံးကို ပိုင်ဆိုင်ထားကြရသည်။ ပင်လယ်သေထဲတွင် ဓါတုပစ္စည်းမျိုးစုံရှိပြီး ကမ္ဘာကိုပင် ဝယ်နိုင်အားရှိသည်ကို ကျွန်တော်တို့တွေ့ရကြပါသည်။

82 ၈၂။ အားလုံးမှာ သူတို့လက်ထဲတွင် ကျရောက်နေပါပြီ။ သူတို့မည်သို့ပြုလုပ်ပါသနည်း? အကြောင်းမှာ ဟစ်တလာ၊ မူဆိုလိုနီ နှင့် ဖာရောဘုရင်၏ နှလုံးသားခိုင်မာ၍ သူတို့ကို ထိုနယ်မြေသို့ပြန်၍ သွားစေသောကြောင့် ဖြစ်ပါသည်။ နှစ်ပေါင်း (၄၀) အတွင်းသူတို့ပြန်လာကြပါသည်။ယခုအခါတွင်ထိုင်၍စောင့်နေပေပြီ။

တပါးအမျိုးသားအသင်းတော်မှာ လောဒိကိခေတ်ကာလကုန်ဆုံးခါနီးတွင် ပေါ်ထွက်လာပါသည်။ ယုဒများထိုသို့ မွေးရပ်မြေသို့ ရောက်နှင့်ပြီဖြစ်၍ တပါးအမျိုးသားများ ဖောက်ပြန်ခြင်းလည်းဖြစ်ပေါ်လာပြီး အမေရိကန်သမ္မတမှာလည်း ယခုလိုမျိုးပေါ်ထွက် လာပြီး နိုင်ငံမှာလည်းယခုကဲ့သို့ ကွဲပြားနေပြီး အနုမြူဗုံးများကိုလည်း ကစားစရာသဖွယ် ချိတ်ဆွဲထားပြီး အသင်းတော်မှာလည်း မပူမအေး နွေးထွေးနေပြီး အသင်းတော်မှာလည်း တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းရေးကြိုးစားနေပြီးဖြစ်ပါက ဘာကျန်တော့ မည်နည်း? အချိန်မရွေး ဖြစ်ပေါ်လာနိုင်ပါသည်။ လာမှမကျန်တော့ပါ။ ကျွန်တော်တို့မှာ နောက်ဆုံးသောကာလ ရောက်နေပါပြီ။ ဘုန်းတော်ကြီးမြတ်လှပါသည်။ ကျွန်တော်လည်းချီဆောင်ခြင်းထဲတွင် ပါဝင်ခွင့်ရမရမသိပါ။ ပါဝင်ခွင့် တစိတ် တဒေသတော့ ရလိုပါသည်။ ဒံယေလ ၉း၂၀

83 ၈၃။ နားထောင်ကြည့်ပါ။ လူဘယ်နှစ်ယောက်သဘောပေါက်နေပါသနည်း? သီတင်း (၇၀) ဆိုသည်မှာ (၄၉) နှစ်ဖြစ်ကြောင်း သမ္မာကျမ်းစာအထောက်အထား ခိုင်လုံစွာတွေ့နေပါသလား? ရက်သတ္တပတ်(၆၂)ပတ်မှာ(၄၃၄) နှစ်ဖြစ်ကြောင်း သင်သိပါသ လား? (၉၆)ပတ်မှာ မည်သည့်အရာ ဖြစ်ကြောင်း သင်သိပါသလား? (၄၈၃) နှစ်တိုင်တိုင်ရှိနေပါပြီ။ ယနေ့ အချိန်ကာလအထိ (၄၈၃) နှစ်ဖြစ်ပါသည်။ မည်သည့်နေရာတွင် မင်းသားများဖြတ်တောက်ခံရကြောင်း တွေ့ရပါသလား? ဂျူးများအတွက် နှစ်ပေါင်း(၄၀) အကြာအချိန်ယူသည်ကို တွေ့မြင်ကြရပါသည်။ နောက်ဆုံးဘုရားသခင် ဖော်ပြနေသောနေရာသို့ ရောက်ရန်အ တွက် ကြာမြင့်သော အချိန်ကာလကိုဆိုလိုခြင်းဖြစ်ပါသည်။

တပါးအမျိုးသားတို့၏ ကာလတောက်လျှောက် အရာခပ်သိမ်း ကျွန်တော်တို့ဆိုခဲ့သည့် အတိုင်းဖြစ်ပေါ်လာပါမည်။ ကျွန်တော်တို့ ကိုယ်တိုင်ပြောခြင်းမဟုတ်ပါ။ သမ္မာကျမ်းစာကပြောဆိုခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာကပြောဆိုခြင်းသည် ဤနောက် ဆုံးသောကာလအထိ တောက်လျှောက်ဖြစ်ပျက်ခဲ့ပါသည်။ နှစ်ပေါင်း(၄၀) ခန့်ဂျူးများမှာ ဤနေရာသို့ပြန်လာကြပါသည်။ ကိုယ်တော်ရှင်ဤနေရာတွင်ဘာဆောင်ရွက်ခဲ့ကြောင်း အတိအကျကို ဘုရားသခင်အတွက် အဆင်သင့်ဖြစ်စေရန် သူတို့အတွက် အဆင်သင့်ဖြစ်စေပါသည်။ သူတို့နည်းဖြင့် ထွက်သွားသကဲ့သို့ ထိုနည်းဖြင့် ပြန်လည်၍ ဝင်ရောက်လာပါသည်။ ဣသရေလမှာ သူမ၏မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိလာပါပြီ။

84 ၈၄။ မည်သည့်အချိန်တွင် ဘုရားသခင်က သူတို့၏ နောက်ဆုံးရက်သတ္တပတ်ကို စတင်ပါတော့မည်နည်း? မည်သည့် အချိန် တွင်ဖြစ်ပါသနည်း? ယနေ့လည်းဖြစ်နိုင်ပါသည်။ ယနေ့ညနေမဝင်မီအချိန်လည်း ဖြစ်နိုင်ပါသည်။ ဘုရားသခင်က ကြေငြာပါမည်။

ဘယ်အချိန်ဖြစ်မည်ကို ကျွန်တော်တို့မသိကြပါ။ ကျွန်တော်စဉ်းစားနေမိပါသည်။ သို့သော်လည်း ကျွန်တော်က တစ်စုံတစ်ခုကို ဤနေရာသို့မိနစ်အနည်ငယ် အတွင်း ယူဆောင်လာရပါတော့သည်။ (သင်တို့ယုံမယုံကို ကျွန်တော်မသိပါ။ သို့သော်လည်း ကျွန်တော်ပြောကိုပြောရပါတော့မည်။) ဗျာဒိတ် ၂၂း၁၁၊ ဒံယေလ ၂း၃၄။

ကျွန်တော်တို့မှာ မွေးရပ်မြေသို့ပြန်ရောက်ကြပါပြီ။ ယုဒများမှာ မွေးရပ်မြေတွင် ရှိနေကြပါပြီ။ ခေတ်ကာလ၏ အဆုံးပိုင်းသို့ ရောက်နေကြပါပြီ။ အသင်းတော် ရုတ်သိမ်းခြင်းအတွက် အဆင်သင့်ဖြစ် နေကြပါပြီ။ အသင်းတော်ရုတ်သိမ်းခြင်း ရောက်လာပါ သည်။ အသင်းတော်မှာလည်း တက်ကြွသွားသည်။ ချီဆောင်ခြင်းတွင် ကျွန်တော်တို့ပါသွားပြီး လေထဲတွင် ကိုယ်တော်ကို ဆုံတွေ့ရပါသည်။ ကျွန်တော်တို့အားလုံးထိုအရာကို သိကြပါသည်။ တောင်မှ ဖြတ်တောက်ခြင်းခံရသော ကျောက်တုံးသည် အချိန်မရွေးရောက်လာရန်အဆင်သင့် ဖြစ်နေပါသည်။ ရောက်လာသောအခါ ဘာလုပ်ပါသနည်း? တပါးအမျိုးသားခေတ် ကာလကို ကျော်ဖြတ်သွားပါသည်။ အားလုံးပြီးဆုံးသွားပါပြီ။ ဘုရားသခင်ကလည်း လုံးဝသူတို့နှင့် ပတ်သတ်သည့်အရာကို မလုပ်ဆောင်တော့ဘဲ ရပ်တံ့လိုက်ပါသည်။ ‘ ညစ်ညူးသောအရာသည် ညစ်ညူးပါစေ။ သန့်ရှင်းသော အရာသည်သန့်ရှင်းပါစေ။ သူဘာလုပ်ပါသနည်း? သူ၏ အသင်းတော်ကို သူယူဆောင်သွားပါသည်။ သန့်ရှင်းသောဝိညာဉ်တော် နှင့်ပြည့်ဝလျှက် ရှိပါသည်။ ၁ကော ၆း၂

ညစ်ညူးခြင်းဆိုသည်မှာ အဘယ်သို့ဖြစ်သနည်း? ငိုက်မြည်းအိပ်ပျော်နေသော သတိုးသမီးကညာဖြစ်၍ တရားစီရင်ခံ ရရန်အတွက် ရောက်လာပါသည်။ အခြားမြေပုံတစ်ခုကို ကျွန်တော်တို့ရရှိကြပါသည်။ ပလ္လင်ဖြူတရားစီရင်ခြင်းသို့ တက်လာပါက ကယ်တင်ခြင်းရပြီးသူများက သူမကို တရားစီရင်ပါမည်။ ပေါလုက ကျွန်တော်တို့ကို တရားရုံးတွင် ရင်ဆိုင်ကြခြင်းကို မပြုလုပ်စေ ပါ။ အကြောင်းမှာ သူတော်စင်များက ကမ္ဘာကြီးကို တရားစီရင်တော့မည်ဖြစ်သောကြောင့် ပေတည်း။ မှန်ပါသည်။ ကျွန်တော်တို့ မှာ နောက်ဆုံးသောအချိန်ကာလကို ရောက်နေပါပြီး။

85 ၈၅။ ဤနေရာမှာ အတိအကျ(၇)နှစ်ဖြစ်ပါက သီတင်းပတ်များ၏ ရက်သတ္တပတ်တခုစီဖြစ်ခဲ့လျှင် (၆၉)ပတ်ရှိပါမည်။တပါးအ မျိုးသားများ၏ခေတ်ကာလဖြစ်ပါမည်။ တပါးအမျိုးသားခေတ်၏အဆုံးပိုင်းသို့ ကျွန်တော်တို့ ရောက်နေကြောင်း ကျွန်တော်တို့ သိပါသည်။ ဂျူးများအတွက် တစ်ပတ်ကျန်ပါသေးသည်။ မှန်ပါသလား? အတိအကျပင်ငှင်းအရားသည် (၇)နှစ်ကာလပင်ဖြစ် ပါသည်။ ဤအရာသည်(၇)ကာလဖြစ်ပါက (၇)နှစ်ပင်ဖြစ်ပါသည်။ အကြောင်းမှာ သူဆိုသကဲ့သို့ ‘ သူ၏ လူများအပေါ်သို့ သီတင်း(၇၀) ကျန်ပါသေးသည်။ မှန်ပါသလား?ယခုကြည့်ကြပါစို့။မေးခွန်းမေးရန် ရှိပါက ကျွန်တော်သိလိုပါသည်။ လေ့လာ ကြည့်ပါ။ ထွက်မြောက် ၁း၈၊ ဒံယေလ ၉း၂၆

ယုဒတို့၏ သီတင်းပတ်အလယ်တွင်၊ သုံးနှစ်ခွဲကာလရှိပါသည်။ အန္တိခရစ်မှာ နောက်ကြွလာမည့်မင်းသားဖြစ်ပါသည်။ သူသည် ရောမနိုင်ငံမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ နောက်ကြွလာမည့်မင်းသားပင်ဖြစ်ပါသည်။ သူသည် မည်သူဖြစ်သနည်း? ပုပ်ရဟန်း မင်းပင်ဖြစ်ပါသည်။ လူများအကြားရှိပုပ်ရဟန်မင်းဖြစ်၍ နောက်ကြွလာမည့်အရှင်ပင်ဖြစ်ပါသည်။ ယောသပ်ကို မသိသော ဖာရောဘုရင် ပေါ်ထွက်လာပါမည်။ ဗျာဒိတ် ၁၃း၁၅

86 ၈၆။ ပရိုတက်စတင့်များက ပြောကြပါလိမ့်မည်။ ‘ သူဘဲဖြစ်သည်။ သို့သော်လည်း ခဏနေပါဦး။ ’ ပရိုတက်စတင့်များမှာ အဖွဲ့အစည်းရှိကြောင်း ကျွန်တော်တို့ တွေ့ရှိရပါသည်။ အသင်းတော်များ အဖွဲ့အစည်းဖြစ်ပြီး သားရဲ၏ရုပ်တုမှာ သူတို့နှင့် အတူထွက်သွားပါသည်။ ဂျူးများကိုလည်း ဤအဖွဲ့အစည်းထဲသို့ ဖိတ်ခေါ်ကြောင်းတွေ့ရပါသည်။ သူတို့ကလည်း လက်ခံပါသည်။ သမ္မာကျမ်းစာက သူတို့လက်ခံသည်ဟု ဆိုထားပါသည်။ ဒံယေလ ၉း၂၇၊ ဗျာဒိတ် ၁၁း၃-၈။ ၁၁-၁၃။

သူကသူတို့နှင့် ပဋိညာဉ်ဖွဲ့ပါသည်။သီတင်း(၇၀)၏တစ်ထစ်သို့ ရောက်သောအခါ အန္တိခရစ်က ဂျူးများနှင့် ချုပ်ဆိုသော စာချုပ်ကို ဖောက်ဖျက်လိုက်ပါသည်။ အဘယ်ကြောင့်နည်း? ဗျာဒိတ်(၁၁) တွင် သင်ဖတ်ကြည့်သောအခါ ‘ ငါစေလွှတ်မည်။ ’ ဟုဆိုထား သည်ကို တွေ့ရပါသည်။ (ထိုအရာမှာ(၁၁)ဖြစ်ပါသည်။ယခုအခါတွင် (၁၉)သို့ပင်ရောက်နေပေပြီ။) သူ၏ပရောဖက်(၂)ပါးကို သူစေလွှတ်ပါမည်။ ထိုအချိန်တွင် သူတို့က ပရောဖက်ပြုကြပေလိမ့်မည်။ ထိုပရောဖက်များကို သူတို့က စိတ်ဆိုးပြီး သတ်ဖြတ် ပစ်ကြပေလိမ့်မည်။ မှန်ပါသလား? သူတို့၏ ကိုုယ်ခန္ဓာကြီးများမှာ ဝိညာဉ်လမ်းတည်းဟူသော သောဒုံမြို့နှင့် ဂေါမောရ မြို့ပေါ်တွင်လဲလျောင်းနေပေလိမ့်မည်။ ကျွန်တော်တို့၏ အရှင်သခင် အသတ်ခံရသည့်ယေရုရှလင်မြို့ ပေါ်တွင်ဖြစ်ပါသည်။ မှန်ပါ သလား? သုံးရက်နှင့် သုံးညတိတိလဲလျောင်းနေကြပြီး အသက်ပြန်ဝင်လာပေမည်။ ရှင်ပြန်ထမြောက်ပြီး ဘုန်းဝင်စားကြမည်။ မြို့တော်၏ ဆယ်ပုံတစ်ပုံပြိုကျပျက်စီးသွားပေမည်။ ထိုအရာမှာ မည့်သည့် အရာဖြစ်ပါ သနည်း။ သီတင်းပတ်(၇)၏အလယ်တွင် ဖြစ်ပါသည်။

87 ၈၇။ အသင်းတော်တက်ကြွတော်မူသောအခါ မဟာမိတ်အဖွဲ့ဖြစ်သည့် အိပ်ပျော်နေသော အပျိုကညာများဖြစ်သည့် မက်သ ဒစ်၊ နှစ်ခြင်း၊ ပရက်စ်ဘီတေးရီးယန်း၊ မပူမအေးပင်တေကုတ္တေအားလုံးတို့မှာ စုပေါင်း၍ အဖွဲ့ဖွဲ့ကြပါသည်။ ယခုအခါတွင်လည်း စတင်၍ ဖွဲ့စည်းပြီးသားပင်ဖြစ်နေပေပြီ။ သူတို့မှာ ပဋိညာဉ်ဖွဲ့လျှက် ရပ်တည်ပေမည်။ ပုပ်ရဟန်းမင်း အသစ်မှာ သူတို့အားလုံးကို လက်ခံရယူလိုပါသည်။ အပေါ်တွင်အားလုံးစုပုံနေသည်ကို သင်မြင်တွေ့ရမည်မဟုတ်ပါလား။ ထိုကိစ္စနှင့်ပတ်သတ်၍ ပြောဆို ဆွေးနွေးရန်နှင့် အားလုံးကိုအတွင်းသို့ ဆောင်ယူလာရန်အတွက် ပထမဆုံးအကြိမ်တွင် ရာပေါင်းများစွာအတွက် ဖြစ်ပြီး နှစ်ပေါင်း ရာနှင့် ထောင်ချီ၍ ရှိပါသည်။ သို့သော်လည်း ယခုအခါတွင် သူတို့အားလုံးကို အတူတကွဆောင်ယူ၍ အဖွဲ့အစည်းဖွဲ့စည်းပြီး ယု ဒများလက်ခံကြမည်ဖြစ်ပါသည်။ ဟာလေလုယာ ၊့ ထာဝရအသက်ရှင်တော်မူသော ဘုရားသခင်ဘုန်းထင်ရှားတော်မူပါစေ။ အလွန်ပင်ရိုးရှင်းလှပါသည်။ ကလေးငယ်ပင်လျှင် တွေ့မြင်နိုင်ပါသည်။ မဟာမိတ်အဖွဲ့ဖွဲ့စည်းခြင်းမှာ ဂျူး၊ ပရိုတက်စတင့်နှင့် ကတ်သလစ်တို့ တပေါင်းတည်းဖြစ်စေခြင်းပင် ဖြစ်ပါသည်။

88 ၈၈။ ထိုပရောဖက်နှစ်ပါးကြွလာတော်မူသောအခါ ဘာလုပ်မည်နည်း? ဤသားရဲသည် သန့်ရှင်းသော လူများ၏ တန်ခိုးကိုပြို

ကွဲစေပါသည်။ သူဘာလုပ်ပါမည်နည်း ? သုံးနှစ်ခွဲကာလတွင် သူ၏ပဋိညာဉ်ကိုချိုးဖောက်လိုက်ပါသည်။ သူတို့ကို မောင်းထုတ် လိုက်ပေမည်။ ကွန်မြူနစ်ဝါဒဟု သူတို့က ထင်မြင်ယူဆကြပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်က သင့်ကိုသွန်သင်နေခြင်း မဟုတ်ပါ။ ကွန်မြူနစ်ဝါဒမဟုတ်ပါ။ ဘာသာရေးဝါဒပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာက ၎င်းအရာသည် အလွန်နီးစပ်နေပြီ ဖြစ်သည်။ ရွေးချယ်ထားသောသူများကိုပင် ဖြစ်နိုင်လျှင် လှည့်ဖျားသွားပေမည်ဟု ဆိုထားပါသည်။ သခင်ယေရှုကလည်း ထိုနည်း အတိုင်းပြောဆိုထားပါသည်။ ကျွန်တော်တို့မှာ နောက်ဆုံးသောကာလထဲတွင်”””””””

